ရောင်လှန်

The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနေနေ့၊ (23-10-2011) (၆၉၂၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပ

စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၃ ရုံမှ လျှပ်စစ်စက်တပ်ဆင်အင်အား ၃၃၆၀ မဂ္ဂါဝပ် ရရှိလာ ပဲခူးတိုင်းဒေသကြီးအတွင်း ကွန်ရက်ချောင်းရေအားလျှပ်စစ်စီမံကိန်း မကြာမီ ဖွင့်လှစ်နိုင်တော့မည်

နေပြည်တော် အောက်တိုဘာ ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညိုစော၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းကုမ္ပဏီများမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပြည်ပကုမ္ပဏီများမှ အတိုင်ပင်ခံ အင်ဂျင်နီယာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို ဓာတ်အားပေးစက်ရုံအနီး မင်္ဂလာမဏ္ဍာပ်၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်လိုက်သည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေး **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများ ရွှေကျင်ရေလှောင်တမံ ပင်မတမံဝဲဘက်ကမ်းရှိ ရှုရခ်မှ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ယ ေ နှ သ တ င် း အ ည္ဆ န် း

ဓနုဏာပိတ်ခေါ်ဖလား အငယ်တန်းနှင့် အလွတ်တန်း ပြိုင်ပွဲကျင်းပမည်

"နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်ထိ အငယ်တန်းပြိုင်ပွဲ၊ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ အလွတ်တန်းပြိုင်ပွဲများ ကျင်းပမည်"

အားကစားသတင်း စာမျက်နှာ - ၅

ကိုရီးယားပေါ်ပဲဂီတဖျော်ဖြေပွဲ မင်းသား ကင်ဟွန်ဂျန်းနှင့် မင်းသမီး ဟာရီဝန်တို့ ပါဝင်မည်

"ဘူဆန်ရှိ ဂေါင်အလီကမ်းခြေ၌ ဂီတဖျော်ဖြေပွဲ ၂၀၁၁ ကို အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး SBS ရုပ်သံလိုင်းမှ နိုဝင်ဘာ ၆ ရက်တွင် ထုတ်လွှင့်မည်"

အနုပညာသတင်း စာမျက်နှာ - ၈၊၉

နေပြီဇာတ်တော် ရုပ်ဝုံသဘင် နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်

"ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရုပ်ဝုံသဘင် အဖွဲ့က ဆိုင်ရာပြိုပညာရှင်များ၊ ကြိုးဆွဲပညာရှင်များနှင့် တွဲဖက်၍ မြန်မာ့ရိုးရာအနုသုခုမရုပ်ဝုံ အမြင့်သဘင်ပညာရပ်ဖြင့် တင်ဆက် ယှဉ်ပြိုင်"

သတင်း စာမျက်နှာ - ၉

The Mirror

၂၃-၁၀-၂၀၁၁ (တနင်္ဂနေ့)

သီးနှံစုံစိုက်ပျိုး ပိုလျှံထွက်ရှိအောင် စွမ်းဆောင်

နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာမြေများသည် အခြေခံကျလှသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးနိုင်သည့် မြေဧရိယာများစွာရှိသည်။ ပင်မရိက္ခာသီးနှံ ဆန်စပါးစိုက်ဧရိယာ ဟက်တာရှစ်သန်းကျော်ရှိသည်။ ပြည်တွင်းစားသုံးမှဖုလုံသည့်အပြင် ပိုလျှံသည်များကို အခြားစားနပ်ရိက္ခာ လိုအပ်ရာဒေသများသို့ အထောက်အကူပြုနိုင်လျက်ရှိသည်။

မြန်မာ့ ရေ မြေ ရာသီဥတု ညီညွတ်မျှတကောင်းမွန်သဖြင့် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည်။ တောင်သူများအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် တစ်ဧကအထွက်တိုးပြီး ပြည်ပရေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားတွင် မူဆယ်မြို့နယ်မှ မိုးစပါးတစ်ဧက ၂၇ တင်း၊ ရမည်းသင်းမြို့နယ်မှ နေကြာသီးနှံ တစ်ဧက ၅၂ တင်း၊ ပျဉ်မနားမြို့နယ်မှ ကြံတစ်ဧက တန် ၆၀ ထွက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် တောင်သူကြီးများနှင့် စိုက်ပျိုးရေးပညာရှင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ခီးမြှင့်ခဲ့သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုထုးချွန်ဆုများ နှစ်စဉ်ရရှိရေး ကြိုးစားအားထုတ်ကြရပေမည်။

နိုင်ငံတော်က စပါး၊ ကြံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့်သီးနှံ ၁၀ မျိုးကို အဓိကသီးနှံများအဖြစ် သတ်မှတ်ထားသည်။ အဆိုပါသီးနှံ ၁၀ မျိုးကို သုတေသနပြု ထုတ်လုပ်ကြရန် တိုက်တွန်းထားသည်။ အဓိကသီးနှံ ၁၀ မျိုးကို ကမ္ဘာ့အဆင့်မီ မျိုးသစ်များ တီထွင်ထုတ်လုပ်နိုင်ပြီး နိုင်ငံမူပိုင်ထုတ်လုပ်နိုင်ပါက သီးနှံတစ်မျိုးအတွက် တီထွင်ဆန်းသစ်မှု ဆုငွေကျပ် သိန်း ၁၀၀ ချီးမြှင့်ပေးသွားမည်ဟု သိရသည်။

စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ ဧရိယာတစ်ခုတွင် သီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးခြင်းသည် ဂေဟစနစ်နှင့် ဈေးပွားရေးကို ထိခိုက်စေသည့်အပြင် တစ်မျိုးတည်းသော ပိုးမွှားများသာ ကျရောက်လေ့ရှိသည်ကို တွေ့ရသည်။ သီးနှံစုံစိုက်ပျိုးခြင်းသည် ပိုးမွှားကျရောက်မှုနည်းပြီး ဇီဝမျိုးစုံ ဝင်ရောက်နိုင်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးသင့်သည်။

ယနေ့စိုက်ပျိုးရေးလုပ်ငန်းများ၌ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးရေး ဦးတည်လုပ်ကိုင်နေကြသည်။ ဈေးကွက်လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး၊ သီးနှံထုတ်လုပ်မှုနှုန်းတိုးတက်ရေး အရေအတွက်ဘက်သို့ ဦးစားပေးလုပ်ဆောင်လာနေကြသည်။ ဆန်စပါးနှင့် လယ်ယာထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် အထွက်နှုန်းကောင်းရုံသာမက အရည်အသွေးကောင်းဆန်များ ထွက်ရှိရေးသည် အဓိကဖြစ်လာနေပြီဖြစ်သည်။ ကမ္ဘာ့အဆင့်မီဆန်များ ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် တောင်သူလယ်သမားများ တွက်ခြေကိုက် ဝင်ငွေတိုး အကျိုးဖြစ်ထွန်း နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ရွန်းလွဲ ၁ နာရီလွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ အစည်းအဝေးခန်းမ၌ အဆိုပါဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပညာရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငြေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်အဖွဲ့ အခမဲ့ဆေးကုသ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးဦးဆောင်၍ အထွေထွေရောဂါအထူးကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များသည် အောက်တိုဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တောင်သူလယ်သမားဆေးရုံသို့ သွားရောက်၍ ဆားမလောက်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ လူနာ ၆၀၀ ကျော်တို့အား ဆေးဝါး အခမဲ့ကုသပေးခြင်း၊ အချို့ခွဲစိတ်ရမည့်လူနာများအား ရန်ကုန်သို့ လာရောက်ခွဲစိတ်ကုသမှုခံယူနိုင်ရန် စီစဉ်ပေးကြောင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် တောင်သူလယ်သမားဆေးရုံမှ တာဝန်ခံဆရာဝန်၊ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီပေးကြောင်း သိရသည်။ (ကြေးမုံ)

အကဝ(၁)ကျောင်းကုန်း မြတ်ဆရာပူဇော်မည်

ကျောင်းကုန်း အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အကဝ(၁) ကျောင်းသား၊ ကျောင်းသူပေါင်းများက ပညာရေး အလျှုရှင် ဂါဒီယန် ဦးစိန်ဝင်းနှင့် ၁၉၅၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အထက(၁)၌ တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၀) နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၈၈ ဦးတို့အား (၂၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကိုကို နိုဝင်ဘာ ၂၀ ရက်(အမျိုးသားနေ့)မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလျှောဌေများကို ရန်ကုန်မြို့တွင် ဦးလေးမောင် ဖုန်း-၀၉-၅၁၉၂၆၅ ဦးစောနိုင် ဖုန်း-၀၉-၅၀-၅၅၃၃ နှင့် ကျောင်းကုန်းမြို့တွင် ဦးဆန်းမြင့်ဦး(ကျောင်းအုပ်ဆရာကြီး) အထက-၁) ဖုန်း-၀၄၆-၄၀၄၁၀၊ ဦးစိုးမောင် ဖုန်း- ၀၄၆-၄၀၁၂၉၊ ဦးသာရ ဖုန်း-၀၄၆-၄၀၂၀၀၊ ဦးခင်စိုး ဖုန်း-၀၄၆-၄၀၂၄၇၊ ဦးအေးသန်း ဖုန်း-၀၄၆-၄၀၀၁၉၄၄ နှင့် ဦးသန်းဌေး ဖုန်း-၀၄၆-၄၀၂၃၃ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (၃၆၅)

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်-၂၀၁၀ အထိမ်းအမှတ် မြန်မာ့သစ်တော သီတင်းပတ် အခမ်းအနားများကို မော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ အောက်တိုဘာ ၁၉ ရက်တွင် အထက(၁) မော်ဘီ၌ "သစ်တောကဏ္ဍာ ဖွံ့ဖြိုးမှု သာယာလှပ လူဘောင်ဘဝ"ခေါင်းစဉ်ဖြင့် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲကို ကျင်းပခြင်း၊ အောက်တိုဘာ ၂၀ ရက်တွင် မော်ဘီမြို့နယ် ကုန်းကလေးကျေးရွာ လိပ္ပတ်ကျေးရွာ၊ ဝါးနက်ချောင်းကျေးရွာ များတွင် ကျေးလက်အိမ်ရာထူထောင်ရေး သစ်မာစိုက်ခင်း တစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုး ထားရှိမှုအား ထိန်းသိမ်းပြုစုခြင်းလုပ်ငန်း များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း **(ယာပုံ)** နှင့် အထက(၁) မော်ဘီမြို့၌ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီစိုးက ဟောပြော၍ စာစီစာကုံး၊ ကာတွန်းပြိုင်ပွဲဆုရရှိသူ များအား ဆုချီးမြှင့်ခြင်း၊ အောက်တိုဘာ ၂၁ ရက်တွင် မော်ဘီကြိုးပိုင်းအတွင်း တည်ထောင်စိုက်ပျိုးထားရှိသည့် အစု အဖွဲ့ပိုင် သစ်တောစိုက်ခင်းများအတွင်း ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အပေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၁၀-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၈၀၀	၀. ၀၃၂၃၈
တရုတ် (ယွမ်)	၆. ၃၈၃၀	၀. ၁၅၆၆၆
အိန္ဒိယ (ရုပီး)	၄၉. ၈၄၀၀	၀. ၀၂၀၀၆
မလေးရှား (ရင်းဂစ်)	၃. ၁၄၇၀၀	၀. ၃၁၇၇၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၂၉၀	၀. ၇၈၅၆၀
ဂျပန် (ယန်း)	၇၆. ၂၆၀၀	၀. ၀၁၃၁၀
တောင်ကိုရီးယား(၀ပ်)	၁၁၄၇. ၀၀	၀. ၀၀၀၈၇
ယူရို	၀. ၇၁၉၅	၁. ၃၈၉၅
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၈၂	၁. ၅၅၅၃

အင်တာနက်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၀-၂၀၁၁ (တနင်္ဂနေ့)

နံနက်ပိုင်း

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပုဇတေး
- ၇:၂၀ ၄။ မိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရွှေခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိန်းဝင်
- ၇:၄၅ ၇။ သာယာသင်ကြားခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၁၀။ ဇာတ်လမ်းတို
- ၈:၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁:၀၀ ၁။ နိုင်ငံတော်သီချင်း
- ၁:၀၅ ၂။ အဖွင့်သီချင်း
- ၁:၁၀ ၃။ မိုးချစ်တပ်မတော်
- ၁:၁၅ ၄။ သာယာသင်ကြားခေတ်ဆန်းတေး
- ၁:၂၅ ၅။ **ကာတွန်း-အစီအစဉ်-ဟင်နရီရဲ့အိမ်မက် (အပိုင်း-၂၄)**
- ၁:၃၅ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ကျီးကလေးရေ ငိုလိုက်တော့**
- ၁.၄၄ ၇။ ကျန်းမာသုတ
- ၃:၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖြူစင်သောနလုံးသား (အပိုင်း-၂၃)**

ညပိုင်း

- ၄:၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မိုးချစ်တပ်မတော်
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိန်းဝင်
- ၄.၂၀ ၅။ လျှပ်တစ်ပြက်
- ၄:၃၀ ၆။ သီဆိုဖြေဖော်တစ်ကိုယ်တော်
- ၅:၀၀ ၇။ သာယာသင်ကြား ခေတ်ဆန်းတေး
- ၅:၃၀ ၈။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **-ခရီးသည် (ဧရာ-ဇော်ဦးထက်၊ ဟာလဝါ၊နှင့် သရုပ်ဆောင်များ) (ပါ၊ရိုက်တာ-ဥက္ကာ)**
- ၆:၅၀ ၁၂။ ဂင်းနစ်ကမ္ဘာစံမှိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ချစ်ခွန်းဖွဲ့.သီချစ်သူဆီ (အပိုင်း-၁၃)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၁၉။ ပေတဲ့နန်းတော်
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-မဟူရာညရဲ့ဒွန်အား (အပိုင်း-၁)**
- ၂.၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-အိမ်ဖြန်လမ်း (အပိုင်း-၈၉)**

ဆီမီးခုံ အထက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

မြင်းခြံ အောက်တိုဘာ ၂၂

မြင်းခြံမြို့နယ် ဆီမီးခုံအထက၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆီမီးခုံအထကဌ၌ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလျှောဌေထည့်ဝင်လျှောက်နိုးလိုသူများ ဦးစောဝင်း ဖုန်း-၀၉-၅၁၁၀၅၅၅ ဦးဌေးမောင် ဖုန်း-၀၉-၇၃၁၁၀၄၄၇၊ ဦးအောင်မင်း (ကြံတိုင်းအောင်လွယ်အိတ်) ဖုန်း-၀၉-၅၁၃၃ဝ၆၅၊ ဦးအောင်ဆန်းဝင်း ဖုန်း-၀၉-၆၉၇၁၀၄၉၊ ဆရာသန်း (ဆီမီးခုံ) ဖုန်း-၀၉-၆၅၅၅ဝ၉၃၊ ဦးသောင်း (ဆီမီးခုံ) ဖုန်း-၀၉-၆စဝ၃၉၉၊ ကိုညီညီ ဖုန်း-၀၉-၇၃ဝ၄၄ဝ၆ နှင့် ကိုမြင့်ဟန် ဖုန်း-၀၉-၇၃ဝ၆စဝ၉၄ တို့သို့ ဆက်သွယ်လျှောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✻ ရွှေကျင်ရေအားလျှပ်စစ်မှ

စက်ရုံများအနက် ၁၃ ခုခြောက် ဖွင့်လှစ်လိုက်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ပထမဦးဆုံး ဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရေလွှဲရေထုတ်ပြွန်၊ ရေယူအဆောက်အအုံ၊ ပင်မတမံ၊ ပင်မရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ကုန်းကြောတမံ၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံ (Switch-Yard) စသည့် အဓိကစီမံကိန်းလုပ်ငန်းကြီး(၉)ရပ်ကို ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုဖွင့်လှစ်လိုက်သည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ၊ တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၃၃ ရုံမှ လျှပ်စစ်စက်တပ်ဆင်အင်အား ၃၃၆၀ မဂ္ဂါဝပ် ရရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကို စက်မှုနိုင်ငံထူထောင်ရာတွင် လျှပ်စစ်စွမ်းအားပေးနည်သည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားပေးနည်းဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဝန်ကြီးဌာနကိုယ်တိုင်အပြင် ပြည်တွင်းပြည်ပ အရင်းအနှီးများဖြင့် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်း ၁၃ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်များမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်း ရှစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (JV/ BOT) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်း ၄၄ ခု စုစုပေါင်း လျှပ်စစ်စီမံကိန်း ၆၅ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့စီမံကိန်းများသည် စူးစမ်းလေ့လာဆဲ အဆင့်များဖြစ်သော်လည်း အချို့လျှပ်စစ်စီမံကိန်းများမှာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ လျှပ်စစ်စီမံကိန်းများ တစ်ခုပြီးတစ်ခုပြီးစီးလာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားများမှာလည်း တစ်နှစ်ပြီးတစ်နှစ် ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွန်းချောင်း၊ ဖြူချောင်းနှင့် သောက်ရေခဲ(၂)ဟူသည့် ရေအားလျှပ်စစ်စီမံကိန်း သုံးခုအနက် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်တို့ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များမှ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှု အခြေအနေများနှင့် ဓာတ်အားထိန်းချုပ်ခန်း (Control Room) မှ နိုင်ငံတော်၏ ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ဓာတ်အားထိန်းချုပ် ပို့လွှတ်မောင်းနှင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်မတမံပေါ်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ရေလှောင်တမံ ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပင်မတမံ ဝဲဘက်တမန်းရှိ ရှုရပ်မှနေ၍ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဓိကရေအားအဆောက်အအုံများအနေဖြင့် အလျား ၁၅၆၈ ပေ၊ အနက် ၁၃၅ ပေနှင့် ထု (၂ ဒသမ ၅)ပေရှိ တမံအုတ်မြစ် ဒိမ့်ရေတားကွန်ကရစ်နံရံ (Diaphragm Wall) တည်ဆောက်ခြင်း၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၁၆၈၅၀၀၀ ဧကပေ သိုလှောင်နိုင်မည့် အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ရုန်အမျိုးအစားတမံ (Zone Type Dam) တည်ဆောက်ခြင်း၊ အလျား ၁၇၆၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့်ပေ ၂၀ ရှိ မြွန် သုံးပေါက်ပါဝင်သည့် ကွန်ကရစ်ရေလွှဲရေထုတ်ပြွန်တည်ဆောက်ခြင်း၊ အလျား ၁၂၀ ပေ၊ အနံ ၁၂၇ ပေ၊ အမြင့် ၁၃၇ ပေရှိ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ အလျား ၂၅၄ ပေ၊ အကျယ် ၁၃၅ ပေ၊ အမြင့် ၅၈ ပေရှိ ရေပိုလွှဲတည်ဆောက်ခြင်း၊ အချင်း ၂၅ ပေ၊ အလျားပေ ၁၁၀၀ ရှိ ဖိအားမြင့်သံမဏိပိုက်လိုင်းနှစ်လိုင်း တပ်ဆင်တည်ဆောက်ခြင်း၊ အလျား ၂၉၅ ပေ၊ အနံ ၉၄ ပေ၊ အမြင့်ပေ ၇၀ ရှိ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံ (Switch-Yard) တည်ဆောက်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရကြောင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ရာတွင် Bole Pile ၅၇ လုံး ထည့်သွင်းတည်ဆောက်ခဲ့ရကာ ဖိအားမြင့် သံမဏိပိုက်လိုင်းအနေဖြင့် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် ယခုဖိအားမြင့်သံမဏိပိုက်လိုင်းသည် အချင်း ၂၅ ပေရှိသည့်အပြင် သံမဏိပိုက်လိုင်းနှစ်လုံးတွဲဖြစ်သဖြင့် လုပ်ငန်းပမာဏကြီးမားစွာ ဆောင်ရွက်ခဲ့ရကြောင်း၊ လျှပ်စစ်စက်တပ်ဆင်အင်အားအနေဖြင့် စက်တစ်လုံးလျှင် (၁၈ ဒသမ ၇၅) မဂ္ဂါဝပ် ရှိ (Francis-Vertical Shaft) တာဘိုင်အမျိုးအစား စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ် တပ်ဆင်ထားပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကိလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် လည်းကောင်း အမှတ်(၂) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် လည်းကောင်း၊ အမှတ်(၃) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်တွင်လည်းကောင်း၊ အမှတ်(၄) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဧပြီလိုင် ၂၁ ရက်တို့တွင်လည်းကောင်း ဓာတ်အားထုတ်လုပ် ပို့လွှတ်ပေးနိုင်ခဲ့ပြီးနောက် အခေါ်သုပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ရဲနွယ်၊ ခပေါင်း၊ ပသီ၊ ကွန်းချောင်း၊ ဖြူချောင်း၊ သောက်ရေခဲ(၂)၊ ရွှေကျင်၊ ဘောကထ စသည့် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဇရင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀ မဂ္ဂါဝပ်ကို ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ မဂ္ဂါဝပ်ကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ ခပေါင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၀ မဂ္ဂါဝပ်နှင့် ပသီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ် မဂ္ဂါဝပ်တို့ကို ၂၀၀၈ ခုနှစ်တို့တွင် လည်းကောင်း အောင်မြင်စွာဖွင့်လှစ်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်မည့် ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၇၅ မဂ္ဂါဝပ်သည် စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် စက်တပ်ဆင်အင်အား အကြီးမားဆုံးဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံ၊ စက်မှုလက်မှုလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်ရုံသာမက တစ်နိုင်ငံလုံးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းဖြင့် မြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အဓိအစဉ်များကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှေ့မျက်နှာစာတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး တို့က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဥာဏ်ဝင်းက ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖွံ့အားထူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်စိုင်းညီမင်း တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချီအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)မြောမင်္ဂလာ
- ၈:၂၅ ၈။ အကျပြိုင်ပွဲ
- ၈:၃၀ ၉။ တေးဂီတအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ "ဇင်ဇင်နှင့်ခြင်ကျား"
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁:၃၀ ၁။ စစ်သည်တေး
- ၁:၃၁ ၂။ တေးဂီတအစီအစဉ်
- ၁:၅၂ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲခုံထောက်ဘတ်ချောင်ပွန်း" (အပိုင်း-၁၇)**
- ၂:၂၀ ၅။ **မြန်မာရှမ်ရှင် "ခြေဝါ၊တော်ခုနှ" (ဇော်လွင်၊ စမ်းစမ်းတေး) (ဒါရိုက်တာ-မောင်ဝဏ္ဏ)**
- ၂:၀၀ ၆။ "ဘုးကောင်းကျားထိန်းသိမ်းရေး နယ်မြေဆီသို့"
- ၂:၁၅ ၇။ "ညောမယ်ဖို့"
- ၂:၃၅ ၈။ အဆိုပြိုင်ပွဲ
- ၂:၅၅ ၉။ International News
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်သို့တေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အတိမ်ပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ဒိုရာတေးသံသာ
- ၄:၄၀ ၅။ အရေးသင်တန်းသိုလ်ပညာရေး ရှမ်မြေသံကြားသင်ခန်းစာ -တတိယနှစ် (အထူးပြုအားလုံး) (အင်လိပ်စာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးထေးများ
- ၅:၀၀ ၇။ သက်တံရောင်သံစဉ်
- ၅:၁၅ ၈။ ဒေသဖွံ့ဖြိုးတိုးတက်စေမည် အမှန် ငွေတမ်းနှစ်ရှည်ပင် ရော်ဘာစိုက်ပျိုးရေးမြေ (မုဆယ်ခရိုင်၊ မုဆယ်မြို့)
- ၅:၂၅ ၉။ ဆိုးကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ရေလုပ်သမားလေးကိုလီ" (အပိုင်း-၁၅)**
- ၆:၃၀ ၁၃။ တစ်မျက်နှာ တစ်တွက်စာ "တစ်ချိုကွယ်" (ကောင်းဆက်ထူး၊ ချမ်းမြိန်း၊ ခြေသက်နွယ်) [ဒါရိုက်တာ-မောင်ဝင်(MMG)]
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရောင်ယပ်တဲ့ ရွှေဖူးစာ" (အပိုင်း-၂၆)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့မျိုးရာယင်ကျားမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ "လူလည်ခွမ်းအား" (၅ဇာတ် (ရန်ကုန်တိုင်းဒေသကြီး)**
- ၁၉။ ၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့မျိုးရာယင်ကျားမှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၀။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၁၀-၂၀၁၁

နေပြည်တော်(ပျဉ်းမနား)
၂ ဒသမ ၃၂ လက်မ
နေပြည်တော်(ရေဆင်း)
၂ ဒသမ ၀၅ လက်မ
ဖလမ်း
၁ ဒသမ ၄၂ လက်မ

နောက်ခံရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းနှင့်နေသရေများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

❍ အရည်အချင်းအစစ်အမှန်မှ

အကဲဖြတ်ပညာရှင်ကြီးများသည် မြန်မာ့ဈေးရောယှင်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များကို လေးစားတန်ဖိုးထား မြတ်နိုးသည့်စိတ်၊ မြန်မာ့ယှင်ကျေးမှု အနုပညာများ လူငယ်လူရွယ်များအကြား အစဉ်ရှင်သန်ပြီး အစဉ်အမြဲတိုးတက်နေစေ လိုသည့် စေတနာဖြင့် စိတ်ရောကိုယ်ပါ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသဖြင့် ပြိုင်ပွဲများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အချို့မှာ ပထမအကြိမ် စတင်ကျင်းပသည့်ပြိုင်ပွဲမှသည် ယနေ့ (၁၈)ကြိမ်အထိ ဆက်တိုက်ပါဝင်ဆောင်ရွက်ခဲ့ သည့် ပုဂ္ဂိုလ်အများအပြားပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကလည်း အမျိုးသားရေးကိစ္စ၊ အမျိုးသား ယဉ်ကျေးမှုရှင်သန်ရေး ခံယူချက်များဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရှိရပါကြောင်း၊ ပြိုင်ပွဲတစ်ခုလုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တပ်မတော်အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း စားသောက်ရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လုံခြုံရေး စသည့် စားသောက်၊ နေထိုင်၊ သွားလာရေးကိစ္စများကို အဆင်ပြေချောမွေ့အောင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ထား ရှိသည့် အုပ်ချုပ်မှုကိစ္စရပ်များအပေါ် လိုအပ်ချက်များရှိပါက ဆွေးနွေးပေးကြရန်နှင့် ပြိုင်ပွဲအားလုံး၏ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ နေရာထိုင်ခင်း၊ အသံစနစ်၊ မီးအလင်း အမှောင်၊ သတ်မှတ်ထားသည့် ပြိုင်ပွဲဝင် ဘာသာရပ်များဆိုင်ရာ လိုအပ်ချက်များ၊ အားနည်းချက်များ၊ ပြုပြင်စရာများ၊ ရှိပါက အသွင်သဏ္ဌာန်နှင့် အနှစ်သာရတိုးမြှင့်နိုင်ရေး စိစစ်အကဲဖြတ်အဖွဲ့သို့ အကြံပြုဆွေးနွေးခြင်းဖြင့် နောင်နှစ်များတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စည်းဖြစ်ပါကြောင်း။

ဒုတိယရည်ရွယ်ချက်ဖြစ်သည့် မြန်မာ့ဈေးရာ အဆို၊ အက၊ အရေး၊ အတီး ယဉ်ကျေးမှုပလေ့စရိတ်များ အနှစ်သာရရှိရှိ ဆက်လက်တည်တံ့ပြီး အနှစ်သာရ မြင့်မား တိုးတက်စေရန်အတွက် (၁၈)ကြိမ်မြောက် ပြိုင်ပွဲမဟုတ်းမမီ အကြိုကာလတွင် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ မြင့်မားလာအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပြိုင်ပွဲကျင်းပနေစဉ်ကာလတွင် အသွင်သဏ္ဌာန်၊ အနှစ်သာရမြင့်မားလာအောင် ဆောင်ရွက်ခြင်း၊ ပြိုင်ပွဲကျင်းပပြီးကာလတွင် နောင်ပြိုင်ပွဲများ ပြုလုပ်သည့်အခါ ယခုပြိုင်ပွဲထက် ပိုမိုၜ် အနှစ်သာရမြင့်မားအောင် ဆောင်ရွက်ခြင်းစသည့် အပိုင်း(၃)ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။ ပထမပိုင်းဖြစ်သည့် ပြင်ဆင်ခိုန်ကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်မှ ပိုမိုတိုးမြှင့်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဘာသာရပ်ဆိုင်ရာနည်းပြများ၊ ပညာရှင်များအား တိုင်းဒေသကြီး/ပြည်နယ်များသို့ ပိုမိုစေလွှတ်ပုံပြုံးပေးခြင်း၊ ရပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့မှ ပြန်ကြား ပညာပေးမှုများ တိုးမြှင့်ဖော်ပြခြင်း၊ ပြိုင်ပွဲဝင်များအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုအပြင် ဂုဏ်ပြုဆုနှင့် အထူးဆုများ ပိုမိုတိုးမြှင့်သတ်မှတ်ပေးခြင်း၊ ဆုရကြေးငွေများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ တဲခွန်စိုက်ဆု သတ်မှတ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒုတိယပိုင်းဖြစ်သည့် ပြိုင်ပွဲကျင်းပနေစဉ်ကာလတွင် ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ပြည်သူများသိရှိနိုင်အောင် နေ့စဉ်ထုတ်လွှင့်ဖော်ပြခြင်း၊ ဇာတ်တော်ကြီးနှင့် ပြဇာတ်ယှဉ်ပြိုင်မှုများကို ရပ်မြင်သံကြားများမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးခြင်း၊ ပြိုင်ပွဲပြုလုပ်ရာနယ်မြေအနီးပတ်ဝန်းကျင်မှ ပြည်သူများ လွတ်လွတ်လပ်လပ် လာရောက်ကြည့်ရှုနိုင်ရန် စီမံပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြိုင်ပွဲအနှစ်သာရ ပိုမိုမြင့်မားစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများအနေဖြင့် ပြိုင်ပွဲဝင်များ၏အရည်အသွေး မြှင့်တင်ပေးနိုင်အောင် ပညာရှင်ကြီးများ၏ အကူအညီရယူပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝတ္ထိအကဲဖြတ်ဖိုင်များ အနေဖြင့်လည်း အရည်အချင်းအစစ်အမှန်နှင့် ထူးချွန်သည့် ပြိုင်ပွဲဝင်များကို ထိုက်ထိုက်တန်တန် ရွေးချယ်ပေးကြပါရန် မှာကြားလိုပါကြောင်း၊ နောင်နှစ်များတွင် ဘာသာရပ်အလိုက် ပြပြင်ဆောင်ရွက်ရမည့် အကြံပြုချက်များ ရေးသားနိုင်အောင်လည်း အကြံပြုလွှာပုံစံများကို အကဲဖြတ်ဖိုင်များသို့ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း။

တတိယပိုင်းဖြစ်သည့် နောင်ပြိုင်ပွဲများပြုလုပ်သည့်အခါ ပိုမိုၜ် အနှစ်သာရမြင့်မားစွာ ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲဝင်ဘာသာရပ်များတွင် အကြိမ်ရေပြိုင်ပွဲ၊ ဘိသိက်ပြိုင်ပွဲ စသည်တို့ကို ထပ်မံထည့်သွင်းရန် သင့်/ မသင့်၊ ပြဇာတ်ပြိုင်ပွဲအတွက် သတ်မှတ်ခွင့်ပြုနိုင်ရန် တိုးမြှင့်ရန် သင့်/မသင့် အကြံပြုကြစေလိုကြောင်း၊ မြန်မာ့ဈေးရာယဉ်ကျေးမှု ဇာတ်တော်ကြီးများ ရေရှည်တည်တံ့ရန်နှင့် လူငယ်လူရွယ်များ မျိုးဆက်သစ်များ၏ စိတ်ထဲတွင် ဓွဲမြဲလက်ခံနေစေရန်အတွက် ဇာတ်တော်ကြီးများကို သရုပ်ဖော်တင်ပြကြရာ၌ အဆို၊ အင်္ဂို၊ အပြောဖြင့်သာ သရုပ်ဖော်ရုံမကဘဲ မိမိတို့ယဉ်ကျေးမှုမပျက် ပြကွက်များ ပေါင်းစပ်ခြင်းနှင့် IT နည်းပညာဖြင့် ဖန်တီးထားသည့် အထူးပြုလုပ်ချက်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊ ယင်းသို့ ပေါင်းစပ်ဆောင်ရွက်မှသာ မိမိတို့မျှော်မှန်းထားသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပိုမိုမြင့်မားလာပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်သရွေ့ လူငယ်လူရွယ်မျိုးဆက်သစ်များ၏ ရင်ထဲတွင် ဓွဲမြဲခိုင်မာနေမည် ဖြစ်ပါကြောင်း။ အလားတူ ယဉ်ကျေးမှုမပျက် တီထွင်ဆန်းသစ် ဆောင်ရွက်သင့်သည့် အချက်များကိုလည်း ပညာရှင်ကြီးများက ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း။

နိုင်းချုပ်အနေဖြင့် ဝတ္ထိအကဲဖြတ်ဖိုင်များ၊ ပညာရှင်ကြီးများသည် နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်၊ တာဝန်သိစိတ်များဖြင့် နောင်နှစ်များတွင်လည်း ပါဝင်ဆောင်ရွက်ကြပါရန်၊ လူငယ်လူရွယ်မျိုးဆက်သစ်များ၏ စိတ်တွင် မြန်မာ့ဈေးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးကို စွဲမြဲလက်ခံပြီး ရေရှည်တည်တံ့ရိုင်ရန်၊ ကမ္ဘာကို ထိုးဖောက်နိုင်ရေး အတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ လက်တွေ့မြင့်မားတိုးတက်စေရေး၊ မိမိဆွေးနွေးခဲ့သည့် အချက်များအပေါ် နိုင်ငံတော်ပိုင်းက ကြိုးပမ်းဆောင်ရွက်သကဲ့သို့ ပညာရှင်ပိုင်လူကြီးများကလည်း မိမိတို့ တာဝန်ထမ်းဆောင်သည့်အပိုင်းကို အကောင်းမွန်ဆုံးဖြစ်စေအောင် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဤသို့ ဆောင်ရွက်ရာတွင် မြန်မာ့ဈေးရာယဉ်ကျေးမှု အနုပညာရပ်များကို နိုးရာယဉ်ကျေးမှု မပျောက်စေဘဲ IT နည်းပညာများနှင့် မည်သို့ပေါင်းစပ်ဆောင်ရွက်သင့်သည်ကိုလည်း ပိုင်းဝန်းစဉ်းစားအကြံပြုကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၈က ၁၀၀၀၀ စိုက်ကွင်းအတွင်း ဇုန်(၁) အတွက်အမှတ်(၃)၌ ၈က ၅၀ စိုက်ခင်းအား စက်ယန္တရားကြီးများဖြင့် လယ်ကွက်များ ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးလုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

လယ်ယာကဏ္ဍာ ဖွံ့ဖြိုးတိုတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေး ရည်မှန်းချက်ဖြင့် ဒဂုံမြို့သစ် ၈က ၁၀၀၀၀ လယ်ယာမြေတို့ စက်မှုလယ်ယာအထူးစီမံကိန်းလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သုံးနှစ်ကာလ ရောက်ရှိလာပြီဖြစ်သည့်နှင့်အညီ လုပ်ပိုင်ခွင့်ရရှိထားကြသည့် ကုမ္ပဏီကြီးများ အနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ကြရေးသည်ဖြစ်ကြောင်း။

စက်မှုလယ်ယာမြေတစ်ခု၏ အခြေခံအင်္ဂါရပ်ဖြစ်သည့် ဆည်ရေသောက်စနစ်များ ကောင်းမွန်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စက်ယန္တရားဖြင့် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ကုမ္ပဏီများအပိုင်းကလည်း လယ်ကွက်လယ်များအဆင့်မှ တစ်ကောက္ခက်/တစ်ပက်တာကွက်ကြီးများ အဖြစ်သို့ ပြောင်းလဲခြင်း၊ လယ်ကြားမြောင်းများ စနစ်တကျရှိခြင်း၊ ခေတ်မီ စက်များဖြင့် ထိထိရောက်ရောက် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခြွေလှေခြင်း၊ အခြောက်ခံစက်များဖြင့် ဆန်စပါး အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသည်ဖြင့် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လယ်ယာကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဆန်စပါးစိုက်ပျိုးရေး အထူးဇုန်(၁) ရှိ ခေတ်မီ စက်မှုလယ်ယာ ၈က ၅၀ ဖော်ထုတ်ရေး အထူးရန်စီမံကိန်းလုပ်ငန်းခွင်၌ ဌာနဆိုင်ရာနှင့် လုပ်ပိုင်ခွင့်ရယူထားကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၈က ၁၀၀၀၀ စိုက်ကွင်းအတွင်း ဇုန်(၁)၊ အကွက် အမှတ်(၃)ရှိ ၈က ၅၀ စိုက်ခင်းအတွင်း စက်ယန္တရားကြီးများဖြင့် လယ်ကွက်များဖော်ထုတ်နေမှု၊ စပါးမျိုးစေ့သိလှောင်ရုံ အဆောက်အအုံ (Paddy Silo)ဆောက်လုပ်နေမှုနှင့် ရေနှတ်ပြောင်းကူးဖော်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် သယံနီးကျွန်းမြို့နယ် သွပ်ပိုင်းကြီး ရပ်ကွက် မေဘွာလမ်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီတွင် သယံနီးကျွန်းမြို့နယ် သွပ်ပိုင်းကြီးရပ်ကွက် မေဘွာလမ်း၌ ကျန်းမာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွှန့်၊ ၁ဝဂုံ၊ ကြည့်မြင်တိုင်၊ လှိုင်သာယာ၊ သာကေတနှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် သယံနီးကျွန်းမြို့နယ်ရှိ သံသုမာလမန်းနှင့် လေးထောင့်ကန်လမ်းတို့၌ ကွန်ကရစ်လမ်းချောထပ်ပိုးခင်းနေမှု၊ လူသွားကုန်ကရစ်စကြီးနှင့် လမ်းဖြတ် ရေနှတ်မြောင်းများ ပြုလုပ်နေမှု၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ပြည်လမ်းအကြား ပါရမီလမ်း၌ သောက်သုံးရေ အရည်အသွေး ကောင်းမွန်စွာ ဖြန့်ဝေပေးနိုင်ရန်၊ မြေအောက် UPVC ပိုက်လိုင်းသစ်များ သွယ်တန်းဆောင်ရွက်နေမှုနှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး ယာဉ်ရပ်နားစခန်းအခြေအနေကိုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The Role of Small Businesses သွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဝိဒ္ဓာနှင့်သိပ္ပံပညာရှင်အဖွဲ့နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန Myanmar-India Enterpreneurship Development Centre (MIEDC)တို့ ပူးပေါင်းကျင်းပသည့် "Rural Development and Poverty Alleviation: The Role of Small Businesses"ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင် နယ်မြေ)ရှိ အဆိုပါသင်တန်းဌာနခွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဝိဒ္ဓာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး(**ဝဲပုံ**)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်စန်းရိတ္တိက အမှာစကား ပြောကြားကြပြီး သဘာဝတိ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးမှ အကြေးပေး ဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဗြိမ်စားသံအမတ်ကြီး ဦးလှမောင်၊ ဦးခင်မောင်ညို (ခင်မောင်သို-ဘောဂဗေဒ)၊ Myanmar Business Executives ဥက္ကဋ္ဌ ဦးမြင်မောင်ထွန်း၊ မြန်မာ့ဩဘာကုမ္ပဏီ လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဦးသတိုးဟိန်းနှင့် မြန်မာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေတို့က " Rural Development and Poverty Alleviation: The Role of Small Businesses" တို့နှင့် စပ်လျဉ်းသည်များကို ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ(အငြိမ်စား) ဒေါ်ရီမြင့်၊ မုံရွာစီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်၊ MIEDC မှ အကြေး Mr. Vinod Paratkar၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာစန္ဒာဦးနှင့် မိတ္တီလာစီးပွားရေးတက္ကသိုလ် ဝါကိုလ္ဒဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်တင်ထွေးတို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက မြန်လည်ရှင်းလင်းဖြေကြားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် နေပြည်တော်သို့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Johannes G. Ten Feld သည် အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ယင်းဝန်ကြီးဌာနနှင့် UNHCR တို့အကြား ထပ်မံ၍ MoU လက်မှတ်ရေးထိုးဆောင်ရွက်မည့် အစီအစဉ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်း အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Johannes G. Ten Feld လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် မအူပင်-တွံတေးလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကမ္ဘာအေးဘုရားဝင်းအတွင်းရှိ မိုးကုတ်ဆွမ်းစားဆောင်၌ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် (ရန်ကုန်)၌ ရေသန့်စက် အဆောက်အအုံ (၀၀×၀၀) ဆောက်လုပ်ရန် အလျှင်ငွေကျပ်သိန်း ၃၀ နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လျှဒါန်းသော တစ်ရေ့တာဆွမ်း အလျှဝင်ငွေကျပ်လေးသိန်းတို့ကို ဒုတိယပါမောက္ခချုပ် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မအူပင်-တွံတေး လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြိုး ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးက လမ်း/တံတားများ ဖျက်စီးမှု မရှိစေရေး၊ လမ်းပေါ်တွင် ရေဝဝဲရောင်ခြင်းများ မရှိစေရေး၊ လမ်းဘေးဝဲယာ ရေမြောင်းများ စနစ်တကျ ဖောက်လုပ်ရေး၊ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလက်ဝှေ့ အားကစားသမားများ ကာဇက်စတန်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂

(၂၆) ကြေမြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ အောင်မြင်မှုရရှိရေး အတွက် ကာဇက်စတန်နိုင်ငံ လက်ဝှေ့အဖွဲ့နှင့်ပူးတွဲ၍ စက်တင်ဘာ ၂၃ ရက်မှ လေ့ကျင့်ခဲ့သော လက်ရွေးစင်လက်ဝှေ့အားကစားသမားများသည် အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အတူ အောက်တိုဘာ ၂၀ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်၊ အမှုဆောင် ဦးစိုးမြင့်နှင့် အား/ကာမ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။ **(အမေါ်ပို့)**

(ကြေးမုံ)

စနူကာဖိတ်ခေါ်ဖလားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် ASIA ဘိလိယက်နှင့် စနူကာ (လမ်းမတော်)တို့ ကြီးမှူး၍ စနူကာ အငယ်တန်းနှင့် အလွတ်တန်းပြိုင်ပွဲများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော် သံဃာ(၃)လွှာရှိ ASIA ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပမည်ဖြစ်သည်။

စနူကာအငယ်တန်းပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်းနှင့် တတိယဆု ငွေကျပ် တစ်သိန်းဆိုးမြင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာရင်းကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ပြိုင်ပွဲကျင်းပမည့်နေရာ၌ စာရင်းပေးသွင်းရမည်ဖြစ်သည်။

စနူကာ အလွတ်တန်းပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၈သိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ်တစ်သိန်း ဆိုးမြင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာရင်းကို နိုဝင်ဘာ ၈ ရက်မှ ၂၂ ရက်ထိ ပြိုင်ပွဲကျင်းပမည့်နေရာ၌ စာရင်းပေးသွင်းရမည်ဖြစ်သည်။

စနူကာ အငယ်တန်းပြိုင်ပွဲတွင် အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ပြိုင်ပွဲများတွင် ပထမရရှိခဲ့သူများနှင့် ပဏာမအဆင့် မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ရာတွင် ပါဝင်ခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၈၄၇၂၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန္ဒကျင် မူးယစ်ဆေး

KENBO Junior Golf Championship ဂေါက်သီး နိုက် ပြိုင်ပွဲ တတိယ ပွဲစဉ် ပြိုင်ပွဲ ဆုအိုးမြင့်ပွဲ အပြီးတွင် ဆုရရှိသူ များ အား တွေ့ရစဉ်။ (သတင်းဓော်ပြီး)
(ဂေါက်သီးအဖွဲ့ချုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo
- ပဌာန်းပါဠိတော်+မရိတ်နိုဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "အခြေခံနှင့် အဖြေမှန်" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသုရိယ)
- ၆:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်ဇဝေရာ" (အပိုင်း-၃)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှင်းပြိုင်" (အပိုင်း-၁၀)**
- ၈:၅၀ လှိုင်သာယာမြို့နယ် ကျောင်းအဆင့်မြင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲ
- ၉:၀၅ LITTLE TOKYO သို့တစ်ခေါက်
- ၉:၁၅ Hair Style For All (Jenna Hair Cut) အတိုအထပ်ပုံ
- ၉:၃၀ Sunday Talk (ဒေါက်တာလေ်သန်း မျိုးမြတ်သူ)
- ၁၀:၀၀ အနာဂတ်ကိုလှစေပည်
- ၁၀:၁၅ ဝိဒိယိုပြခန်း
- ၁၀:၃၀ ဂီတနက်သန် ဂီတစကားပိုင်း
- ၁၀:၂၅ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဂီတရိပ်သာ-၃၆)
- ၉:၀၀ ပရီမီယာလိဂ်ရင်ခွန်သံ
- ၉:၂၅ Barclays Premier League (QPR Vs Aston Villa)
- ၁၁:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှင်းပြိုင်" (အပိုင်း-၁၀၈)**
- ၁.၄.၂၅ SINGAPORE SUNDAY
- ၁.၄.၃၀ သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတစ်မိုးပန်းတိုင်"
- ၁.၅.၃၀ ပန်းချီခန်း
- ၃:၀၀ ပြို့အလှုဂုဏ်ကြွယ်. . . ဖိုရာစားဖွယ်
- ၃:၁၀ Box Office Movies(300)
- ၃:၃၀ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်
- ၄:၃၀ နေ့ယဉ်ဆန်းထွင်ပန်းအလှဆင်
- ၄:၅၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး
- ၅:၃၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့နားခိုရာ)
- ၅:၅၅ Multitude of Market Forms
- ၆:၃၀ မြန်မာမှုလက်ရာ ပန်းတင်းပညာ
- ၆:၁၀ စနစ်တကျစိုက်ပျိုးသစ်ခွဲအမျိုးမျိုး
- ၆.၂.၅ တန်ခိုးထွင်ခေါင်ရွှေတော်တောင်
- ၆:၅၀ ကြည်နူးမှန်းမျှော် မြတ်ရှင်ဟော်. . . ။
- ၇:၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			မြေသမည်လိုင်း
၆:၅၅	Man U	-	Man City	ESPN
၆:၅၅	Arsenal	-	Stoke	STAR SPORTS
၈.၂.၅	Blackburn	-	Spurs	STAR SPORTS
၉.၂.၅	QPR	-	Chelsea	ESPN (MRTV-4)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဗလား အသက်(၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုဗဟိုလည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၁၁ ခုနှစ် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဗလား (၂၆)မြို့နယ် အသက်(၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုဗဟိုလည်ပြိုင်ပွဲများကို ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ကျင်းပရာ အောက်တိုဘာ ၂၁ ရက်တွင် ဖျာပုံ(က) အသင်းနှင့် မအူပင်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖျာပုံ(က)အသင်းက မအူပင်(ခ) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၂၂ ရက်တွင် ဖျာပုံ(ခ) အသင်းနှင့် ဟသံဘတ(က)အသင်း၊ မြောင်းမြ (ခ)အသင်းနှင့် မအူပင် (က)အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဥာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်အောက်ရှိ မြန်မာနိုင်ငံ ဥာဏ်ရည်မမီသူများ အားကစားအဖွဲ့မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဥာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ သယံနိုးကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ ဥာဏ်ရည် ၇၅ ရာခိုင်နှုန်း အောက်ရှိသူများ အသက်ရှစ်နှစ် အထက်ရှိသူများ၊ ကျောင်းများမှ စာသင်၍ မရဟုသတိမှတ်ခြင်းခံရသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၂၅၅ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကားရပ်နားဖို့ နေရာလေးတစ်ခု

နွယ်နွယ်ခင် (ကညန)

ယနေ့ကမ္ဘာတွင် တစ်နေ့တခြား လူဦးရေတိုးပွားလာသကဲ့သို့ လူအသုံးအဆောင် ပစ္စည်းများအနက် အရေးကြီးပစ္စည်းတစ်ခုအဖြစ်ပါဝင်သည့် "ကား"စီးရေမှာလည်း တစ်စတစ်စ များပြားလာလျက်ရှိနေပါသည်။ လူထုပို့ဆောင်ရေးစနစ် မည်မျှပင် ကောင်းသည့် နိုင်ငံဖြစ်စေကာမူ ကားစီးရေတိုးတက်လာမှုကြောင့် ပြဿနာအနည်းနှင့် အများ ရှိနေဆဲပင်ဖြစ်ပါသည်။ ယင်းနှင့်တွဲလျက်ပါလာသည်မှာ "ကားရပ်နားရန် နေရာ"ပြဿနာပင်ဖြစ်ပါသည်။ အခြားဝေးဝေးလံလံ ကြည့်စရာမလိုပါ။ လူထုပို့ဆောင်ရေးစနစ် ကောင်းမွန်အောင်မြင်လှပါသည်ဆိုသော ဂျပန်နိုင်ငံတွင်ပင် ကားစီးရေ တိုးတက်များပြားလာမှုကြောင့် ကားရပ်နားရန် နေရာအခက်အခဲပြဿနာ ကြုံတွေ့ရလျက်ရှိပါသည်။

ကျွန်းနိုင်ငံဖြစ်သောဂျပန်နိုင်ငံတွင် "မြေ"သည် "ရွှေ"ထက် တန်ဖိုးဖိုးရှိသည်။ ထို့ကြောင့်လည်း ဂျပန်လူမျိုးတို့သည် မြေနေရာကျဉ်းကျဉ်းတွင် ဖြစ်နိုင်သမျှသော အကျိုးရလဒ်ရရှိနိုင်စေရန် နည်းဗျူဟာ ဆောင်ရွက်တတ်ကြသည်။ ကားရပ်နားရန်နေရာ ကိစ္စတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ အထူးသဖြင့် လူဦးရေအထူထပ်ဆုံးဖြစ်သည့် တိုကျိုမြို့တော်တွင် ကားရပ်နားရန်နေရာ သတ်မှတ်ခြင်းစနစ်သည် အတုယူစရာ ကောင်းသော စနစ်ကောင်းတစ်ခုဖြစ်သည်။ ကိုယ်ပိုင်ကားပါကင် (own garages) အသုံးပြုကြသူများရှိသော်လည်း အများစုမှာ နေရာအခက်အခဲကြောင့် စုပေါင်းကား ပါကင်စနစ် (shared parking spaces)နှင့် လပေးကားပါကင်စနစ် (monthly-rental car parking spaces) ကို အသုံးပြုကြသူများပြားကြောင်း တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံတွင် "ကားရပ်နားခြင်း"ကို ယာဉ်ကြောဥပဒေ(Road Traffic Act) တွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အမိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုဖြင့် ဖော်ပြထားပါသည်။ ပထမအမိပ္ပာယ်ဖွင့်ဆိုချက်မှာ "ကားပိုင်ရှင်သည် လူ(သို့မဟုတ်) ကုန်တင်ဆောင်ရန် လည်းကောင်း၊ ကုန်တင်/ကုန်ချပြုလုပ်ရန် လည်းကောင်း အချိန်ငါးမိနစ်ထက်ကြာအောင် တစ်ဆက်တည်းရပ်ခြင်း"ဟု ဖော်ပြပါသည်။ ဒုတိယဖော်ပြချက်မှာ "ကားပိုင်ရှင်သည် ကားရိုရာနေရာမှ အဝေးသို့ထွက်ခွာသွားရသဖြင့် ကားကိုချက်ချင်း ပြန်ယူတွက်နိုင်ခြင်း"ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကားရပ်နားခြင်း (parking)ကို "လမ်းပေါ်တွင်ရပ်ခြင်း" (on-street parking)နှင့် "သီးသန့်ကားရပ်နားဝင်းတွင် ရပ်ခြင်း" (off-street parking) ဟူ၍ နှစ်မျိုးခဲခြားသတ်မှတ်ထားပါသည်။

လမ်းပေါ်တွင် ကားရပ်နိုင်သည့်နေရာ (on -street parking space) ကို ဒေသအစိုးရမှ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်းနေရာကို အသုံးပြုသူများသည် ၎င်းတို့ရပ်နားခိုန် ကြာမြင့်သည့်အတိုင်း ဒေသအစိုးရသို့ ကားရပ်နားခ ပေးဆောင်ရပါသည်။ ဂျပန်နိုင်ငံ၏ဥပဒေအရ လမ်းပေါ်တွင် ကားရပ်နိုင်သည့်နေရာဖြစ်ပါက သတ်မှတ်နေရာတွင် parking meter သို့မဟုတ် parking ticket machine တပ်ဆင်ထားပြီး ကားရပ်ရန်သတ်မှတ်ချိန်မှာ မိနစ် ၄၀ မှ ၆၀ အတွင်း ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သွားပါက ပါကင်စည်းကမ်းချိုးဖောက်မှုဖြင့် ပါကင်ခ အပြင် ၁၊၈ကြေးပါပေးဆောင်ရပါသည်။ နောက်စနစ်ကောင်းတစ်ခုမှာ ၅ မိနစ်အတွင်း လူအတက်/အဆင်း ပြုလုပ်ခြင်းနှင့် ကုန်တင်/ကုန်ချ ပြုလုပ်ခြင်း အတွက် "ခေတ္တရပ်နိုင်သောလမ်း" (short stop at the stopping lane)များ ရှိပြီး ယင်းလမ်းများကို အသုံးပြုခြင်းအတွက် မည်သည့်အခွန်အခမ ပေးဆောင်ရခြင်း မရှိသည့်စနစ် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ ပါကင်ဥပဒေအရ စတုရန်းမီတာ ၂၀၀ ထက်ကြီးသော အဆောက်အအုံများ၊ ကဇာတ်ရုံများ၊ ကုန်တိုက်များ၊ အစိုးရရုံးများနှင့် ဆိုင်ခန်းများတွင် အများသုံး သီးသန့်ကားရပ်နားဝင်းမရှိမဖြစ်ရှိရပါသည်။ ထို့ပြင် ပုဂ္ဂလိက သီးသန့် ကားရပ်နားဝင်း ၎င်းရမ်းခြင်းမျိုးလည်းရှိပြီး အဆိုပါလုပ်ငန်းကို နည်းလမ်းသုံးမျိုးဖြင့် လုပ်ကိုင်လျက်ရှိကြပါသည်။ ပထမနည်းမှာ မြေပိုင်သူက ကားပိုင်ရှင်များကို ကားရပ်နားရန် နေရာငှားခြင်းဖြစ်ပါသည်။ မြေပိုင်ရှင်အနေဖြင့် ကားများကို နေရာ ပြောင်းထားခွင့်မရှိဘဲ ကားပိုင်ရှင်မှ မိမိကြိုက်သည့်နေရာတွင် ကားကို ရပ်ထားခဲ့ နိုင်ပါသည်။ သို့သော် သတ်မှတ်နေရာတွင် စည်းကမ်းတကျ၊ စနစ်တကျရပ်နားခြင်း မျိုးဖြစ်ပါသည်။ ဒုတိယနည်းမှာ "ကားရပ်နားဝင်းမန်နေဂျာ" (parking manager) ရှိသောနေရာတွင် ကားရပ်ခြင်းဖြစ်သည်။ ပိုင်ရှင်မှ မိမိကားသော့ကို မန်နေဂျာထံသို့ ပေးခဲ့ရပြီး ၎င်းမှ အဆင်ပြေသည့်နေရာတွင် ကားကိုရွှေ့ပြောင်းရပ်ထားပေးသည့် စနစ်ဖြစ်ပါသည်။ တတိယနှင့် လူကြိုက်အများဆုံး နည်းလမ်းမှာ "အကြေစေ့စနစ်" (Coin-operated parking) ဖြစ်ပါသည်။ ကားပါကင်နေရာတွင် ပါကင်လက်မှတ်စက် (parking-ticket machines) များ တပ်ဆင်ထားပြီး ပိုင်ရှင်ကိုယ်တိုင်ပိုက်ဆံထည့်၍ ရပ်နားရသော စနစ်ဖြစ်ပါသည်။

သို့သော် မည်သို့ပင်စနစ်ကောင်းများရှိသည်ဆိုစေကာမူ တိုးပွားလာသော ကားစီး ရေကြောင့် "နေရာ" (parking place)အခက်အခဲပြဿနာကို ရင်ဆိုင်နေရဆဲဖြစ်ပါ သည်။ ထို့ကြောင့် ယနေ့ ဂျပန်နိုင်ငံ၏ TOYOTA, NISSAN, MITSUBISHI, SUZUKI, HONDA စသည့် ကားကုမ္ဏီများသည် နေရာယူမှုနည်းသော ကား အသေးများကိုသာ ထုတ်လုပ်လာကြကြောင်း တွေ့ရှိနိုင်ပါသည်။ ကားသေး၍ အင်ဂျင် ပါဝါနည်းပြီး ဆီစားနှုန်းသက်သာလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အရွယ်အစား သေးငယ်သော ကားများကို အသုံးပြုခြင်းသည် လေထုညစ်ညမ်းမှုကိုလည်း လျှော့ချရာ ရောက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်နည်းတစ်ဖုံ အထောက်အကူပြုပါသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ လူဦးရေရော ကားစီးရေပါ ထူထပ်သောမြို့ဖြစ်ပါသည်။ ထို့အတူ ကားရပ်ရန်နေရာ ရှားပါးသော မြို့လည်းဖြစ်ပါသည်။ အထူးသဖြင့် မြို့လယ်ကောင်လမ်းကျဉ်းကျဉ်းများ ပေါ်တွင် တန်းစီရပ်ထားသောကားများကြောင့် အခြားလမ်းအသုံးပြုသူများ စိတ်အနှောင့်အယှက်ဖြစ်ရသော အခြေအနေမျိုးကိုလည်း နေ့စဉ်ကြုံတွေ့ရလျက်ရှိပါ သည်။ ယင်းပြဿနာသည် မြို့ပြလူနေမှုစနစ်တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးယူ ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ရန်ကုန်မြို့၏ မြို့ပြတည်ဆောက်ပုံ အနေအထားအရ လူနေထိုက်နန်း အဆောက်အအုံအများစုတွင် ကားရပ်နားရန် သီးသန့်နေရာ သတ်မှတ်ထည့်သွင်းထားခြင်းမရှိသကဲ့သို့ ကားရပ်နားဝင်း သီးသန့် တည်ဆောက်ထားမှုလည်း မရှိသောကြောင့် ယာဉ်ပိုင်ရှင်အများစုသည် မိမိတို့ တိုက်ခန်းရှေ့တွင်သာ ကားကိုရပ်ရသဖြင့် အထက်ဖော်ပြပါကိစ္စမျိုး ကြုံတွေ့ရခြင်း ဖြစ်ပါသည်။

အထူးသဖြင့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ် များတွင် ကားပါကင်နေရာပြဿနာသည် လတ်တလောအရေးယူဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသည်။ စီးပွားရေးအချက်အချာကျသည့် မြို့နယ်များ (CBD-Central Business District) ဖြစ်သည့်အတွက် ကားအလင်/အထွက်ရှုခင်းထွေးသော နေရာများလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြို့ပြတည်ဆောက်ပုံအနေအထားကိုလိုက်၍ အများပြည်သူအတွက် အဆင်ပြေစေနိုင်မည့် ယာဉ်ရပ်နားဝင်းများ တည်ဆောက် ပေးရန် လိုအပ်လျက်ရှိနေပါသည်။ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ "ဆယ်စုနှစ် တစ်ခု" အတွင်း ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှင့် မှတ်ပုံတင်ကားစီးရေ တိုးတက် လာမှုကို လေ့လာကြည့်ပါက ၂၀၀၀ ခုနှစ်တွင် ကားစီးရေ ၁၃၇၀၃၀ နှင့် လူဦးရေမှာ ၅၈၀၀၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ကားစီးရေ ၂၀၄၇၆၃ စီးနှင့် ခန့်မှန်း လူဦးရေ ၆၉၆၄၀၀၀ ရှိလာခဲ့ပါသည်။ သို့ဖြစ်၍ လု ၁၀၀ လျှင် ကားပိုင်ဆိုင်မှု အချိုးမှာ ၂၀၀၀ ခုနှစ်တွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သော (Statistical Year Book-2009)၏ ရန်ကုန်မြို့နေ လူဦးရေကိုးနှုန်း၁ ဒသမ ၀၀၈၄ ကို အခြေခံ၍ တွက်ချက်မှုအရ ၂၀၁၀ ခုနှစ်၌ ၂၉ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်လာနိုင်ပါသည်။ ၎င်းအချိုးအရ မြို့ပြဒေသအတွင်း ယာဉ်သွားလာမှု ချောမွေ့စေရေးနှင့် လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကားရပ်နား နိုင်မည့် "ကားရပ်နားဝင်း" များ လိုအပ်လျက်ရှိနေပါသည်။ မြေနေရာအခက်အခဲရှိပါ ကလည်း Multi-storey Car Parking Building များ ထားပေးသင့်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အလျောက် လမ်းများပေါ်တွင် ပိတ်ဆို့ ရပ်နားထားရသောကားများ လေ့ကျနည်းလာကာ ယာဉ်သွားလာမှုအဆင်ပြေ ချောမွေ့ပြီး ပြည်သူအများလည်း စိတ်အေးချမ်းသာသော လူနေမှုဘဝကို ယခုထက် ပိုမိုခံစားရရှိလာနိုင်မည်ဖြစ်ပါသည်။ ။

ဂျပန်နိုင်ငံ၏ ၂၀၁၀-၂၀၁၁ ခုနှစ်ပုံစံထုတ် ကားသစ်များ

TOYOTA PORTE

NISSAN MOCO



၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၏ ကားစီးရေတိုးတက်လာမှုပြပုံ



၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှင့် ကားစီးရေ တိုးတက်လာမှုနှင့် မြန်မာနိုင်ငံ၏ စုပေါင်းမှတ်ပုံတင်ထားသောယာဉ်စီးရေပြပုံ

ပညာဂုဏ်ရောင် အလင်းဆောင်

မြင်းခြံမြို့နယ် စံ သုတပဒေသာစာကြည့်တိုက်ဖွင့်

မြင်းခြံ အောက်တိုဘာ ၂၂

ဦးစံညွှန့်-ဒေါ်စိန်လှိုင်သားသမီးများ ကြီးမူ၍ စေတနာရှင်များ၏ စုပေါင်း လျှပ်ဒါန်းနွေဖြင့် မတည်ရန်ပုံ့ငွေတစ်ရပ် ထူထောင်ပြီး စံ သုတပဒေသာ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ဒေသကြီး မြင်းခြံမြို့နယ် နဘားအိုင်ရွာ ဖုန်း-၀၂-၆၄၁၉ နှင့် ဦးထွန်း ထွန်းဝင်း နဘူးအိုင်ရွာ ဖုန်း-၀၉-၆၅၅၇၀ ၇၈ တို့သို့ ဆက်သွယ်လျှပ်ဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လျှပ်ဒါန်း

ပဲခူး အောက်တိုဘာ ၂၂

မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်နှုန်းစာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၆ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးပို့သော သုတ၊ ရသစာအုပ်များကို ပဲခူးခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ လျှပ်ဒါန်းပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါ လျှပ်ဒါန်းပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက အမှာစကား ပြောကြားပြီး ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာ ရွှေအင်းမြေစာကြည့်တိုက်၊ ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာ ချစ်စံဝင်းစာကြည့်တိုက်၊ ဝေါ်မြို့နယ် အများဦးလံတဲကျေးရွာ မက်လာဦးစာကြည့်တိုက်များသို့ ဌေကျပ်တစ်သိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၂၅၀ ပါ စာအုပ်ထုပ်တစ်ထုပ်စီကို ပေးအပ်လျှပ်ဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံကြောင်းသိရသည်။**(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

ဗဟုသုတ ရသ ပေးနိုင်ရန် ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၂၂

ဒွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန၏ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးပို့လျှပ်ဒါန်းသော စာအုပ်စာစောင်များ ပေးအပ်လျှပ်ဒါန်းပွဲနှင့် ကျေးလက်နေ ပြည်သူများ စာဖတ်စွမ်းရည်မြင့်မား လာစေရေးအတွက် စာဖတ်စွမ်းရည်မြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် သထုံမြို့နယ် ဝင်းပ ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲ၌ ကျင်းပရာ ကျေးရွာအုပ်ချုပ် ရေးမှူး ဦးဝင်းငွေးက အဖွင့်အမှာစကား ပြောကြားသည်။ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင် စောလင်းက ဝင်းပကျေးရွာ လင်းအရုဏ်ဦး စာကြည့်တိုက်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးပို့ လျှပ်ဒါန်းသော သုတ၊ ရသစာအုပ် ၂၅၀ ကို လည်းကောင်း၊ စေတနာရှင် ပြည်သူများက စာအုပ်စာစောင်များနှင့် ငွေပေသောပင် ငွေကျပ် ၇၀၀၀၀ ကို လည်းကောင်း ပေးအပ်လျှပ်ဒါန်းကြသည်။

ယင်းနောက် စာဖတ်စွမ်းရည်ပြင်ပွဲ ကို ကျင်းပရာ ဝင်းပကျေးရွာ အခြေခံ ပညာအလယ်တန်း ကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြ သူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစာ)

*** ကျားထူးချောင်းတံတားမှ**

ရှေ့ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းဖေနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်းတို့က ကျားထူးချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မော်ကွန်းကျောက်စာဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ကျားထူးချောင်းတံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကျားထူးချောင်းတံတားကို ဖွင့်လှစ်လိုက်သည့်အတွက် မကွေးမြို့မှ ပျော်ဘွယ်မြို့သို့ ရိုးမကိုဖြတ်၍ အရှေ့မှအနောက်သို့ တိုက်ရိုက်သွားလာနိုင်ခြင်း၊ ပျော်ဘွယ်မှတစ်ဆင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ သွားလာနိုင်ခြင်း၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့လည်းကောင်း၊ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကုန်ရက်သဖွယ်ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန်ကူးလူးသယယူပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ယခုဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် ကျားထူးချောင်းတံတား အပါအဝင် ၀၆ ၁၈၀ နှင့်အထက် တံတားကြီးခုနစ်စင်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ကျားထူးချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နတ်မောက် မြို့နယ် မကွေး-နတ် မော၀ - ပျော်ဘွယ်လမ်းပေါ်ရှိ ကျားထူးချောင်း တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ပိုးစပါးအထွက်နှုန်း လျော့နည်းနိုင်သော်လည်း ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုကို မထိခိုက်နိုင်

ရန်ကုန် အောက်တိုဘာ ၂၂

ယခုနှစ် ပိုးစပါးစိုက်ရာသီတွင် ပိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းနှင့် ရေကြီးရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဒေသအချို့ရှိ စပါးစိုက်ခင်းများ ရေလွှမ်းမိုး ပျက်စီးမှုများ ရှိခဲ့သည်။ ထို့ကြောင့် ယခုနှစ်ပိုးစပါးအထွက်နှုန်း ယခင်နှစ်ကထက် လျော့နည်းကျဆင်းနိုင်သော်လည်း ပြည်တွင်း စားသုံးမှုနှင့် ပြည်ပတင်ပို့မှုအပိုင်းကို ထိခိုက်နိုင်ခြင်းမရှိနိုင်ကြောင်း စိုက်ပျိုးရေးသုတေသီများ၊ ဆန်စပါးစိုက်ဖျိုး ထုတ်လုပ်သူများနှင့် ဆန်တင်ပို့နေသူများက သုံးသပ်ကြသည်။

ဧလိုင်လမှ စတင်ကာ ဝိဆိန်တင် ပိုးရွာသွန်းခဲ့မှုကြောင့် ဧရာ၀တီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ စပါးစိုက်ခင်းများ ရေလွှမ်းမိုး ပျက်စီးခဲ့ရပြီး တစ်နိုင်ငံလုံးအတိုင်း အတာအရ ပိုးစပါးအထွက်နှုန်းမှာ ယခင်နှစ်ကထက် ၁ ၁သမ ၇ သန်း လျော့နည်းလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ အဆိုပါဒေသများတွင် ပိုးစပါးအထွက်နှုန်းလျော့နည်းနိုင်သော်လည်း ရေလွှမ်းမိုးခြင်းမရှိခဲ့သော စိုက်ခင်းများ၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသများရှိ စိုက်ခင်းများနှင့် ပိုးစပါးနောက်ကျစိုက်ဖျိုးခဲ့သော စပါးများ၏ လက်ရှိအနေအထား၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်နိုင်သော အလားအလာများကြောင့် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပတင်ပို့နိုင်မှုကိုပါ ထိခိုက်နိုင်ခြင်းမရှိနိုင်ကြောင်း သုံးသပ်ကြခြင်းဖြစ်သည်။

"ဧရာ၀တီနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်မြေပိုးတွေကို ကွင်းဆင်း လေ့လာချက်အရ အထွက်နှုန်းဆုတ်နိုင်ပါတယ်။ ရခိုင်မှာလည်း ရေကြီးခဲ့ပြီး အခုလည်း မုန်တိုင်းအခြေအနေတွေကို စောင့်ကြည့်နေရပါတယ်။ ဒါပေမယ့် ရေလွှတ်တဲ့နေရာတွေ၊ ပိုးစပါးနောက်ကျခဲ့တဲ့ စပါးတွေမှာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းနိုင်တာကို တွေ့ရတယ်။ မနှစ်က အပျက်အစီးများခဲ့တဲ့အတွက် ဒီနှစ်မှာ လယ်သမားတွေရော ကုမ္ပဏီကြီးတွေပါ ပြင်ဆင်ထားကြတယ်။ စတိတွေ၊ ဂိုဒေါင်တွေ၊ ရိတ်သိမ်းခြွေလှေ စက်တွေ၊ အခြောက်ခံစက်၊ သီးနှံလေလုံ အိတ်တွေကို မနှစ်ကထက် ကြိုတင်ပြင်ဆင်မှု အားကောင်းတဲ့အတွက် ထင်သလောက်တော့ ထိခိုက်မှုမရှိနိုင်ဘူး။ အထူးပြု ကုမ္ပဏီတွေကလည်း စပါးအခဲ့ရေးသုံးသိန်းခွဲနဲ့ ခဲ၀ယ်ပေးမယ်ဆိုတဲ့အတွက်ကြောင့် စပါးစေးကလည်းကောင်းနိုင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်က နိုင်ငံတွေမှာလည်း ရေလွှမ်းမိုးမှုတွေဖြစ်ခဲ့ကလို ပြည်ပဆန်ပေါက်ဈေးကလည်း ကောင်းနိုင်ပါတယ်။ ပြည်ပဆန်ပို့တာကို အခွန်လျှော့တာ၊ ပြည်ပပို့ကုန်ရောင်းပေါက်ဈေးကလည်း တစ်ဒေါ်လာ ၈၂၀ ဝန်းကျင်လောက်နဲ့ တင်းခံထားတဲ့အတွက် မနှစ်ကထက် ပိုပြီးပို့နိုင်မယ်လို့ ယူဆရပါတယ်။ ပြည်တွင်းစားသုံးမှုအတွက် မထိခိုက်နိုင်သလို ပြည်ပပို့တာလည်း မထိခိုက်နိုင်ဘူးလို့ မျှော်မှန်းပါတယ်။ ဖြေလျှော့မှုတွေနဲ့ အခွင့်အရေးယူနိုင်ဖို့ အရေးကြီးပါတယ်" ဟု ဆန်စပါး သုတေသီတစ်ဦးက သုံးသပ်သည်။

မြန်မာတစ်နိုင်ငံလုံး စပါးစိုက်ကေ ၂၀ ၁သမ ၄၃ သန်းရှိပြီး မိုးစပါးစိုက်ကေ ၁၇ ၁သမ ၂၇ သန်း၊ နွေစပါးစိုက်ကေ ၃ ၁သမ ၆ သန်း ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် ပြည်ပဆန်တင်ပို့မှု ဆန်တန်ချိန် ရှစ်သိန်းခန့်ရှိခဲ့ပြီး ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆန်တန်ချိန် သုံးသိန်းခွဲခန့် တင်ပို့ခဲ့ပြီးဖြစ်သည်။ (၀၀၁)

ဗီးပွားရေးတက္ကသိုလ်(၁၉၆၈-၇၂)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဗီးပွားရေးတက္ကသိုလ် (ဗီးပွားရေး၊ စာရင်းအင်း၊ ဝါဏိဇ္ဇ)ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗီးပွားရေးတက္ကသိုလ် (ရန်ကုန်) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၁၉၆၈-၁၉၇၂ ဗီးပွားရေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ်မြောက် မိတ်ဆုံးပွဲကို ယင်းနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ စိမ်းလဲ့ကန်သာ(အင်းလျားကန်)၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံမှတ်တမ်းစာအုပ် ပြုလုပ်မည်ဖြစ်ပါ၍ ပတ်စ်ပို့မတ်ပုံတစ်ပုံကို အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားပေးပို့နိုင်ရန် ဦးကျော်မင်းထွန်း ဖုန်း-၀၉-၉၉၂ ၁၉၇၆၊ ၅၅၅၀ နှင့် ဒေါ်သန်းသန်းမြင့် ဖုန်း-၅၄၈၈ ၁၆၃ တို့သို့ ဆက်သွယ်မေးမြန်း လျှောက်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြတိုဘီ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပြန့်ဝေ

မြတိုဘီ အောက်တိုဘာ ၂၂

မြတိုဘီမြို့နယ် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေး သေတ္တာများ ဖြန့်ဝေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကဲက အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများပေးအပ်ရာ ရပ်ကွက်/ကျေးရွာ ၂၃ ရွာမှ တာ၀နခ်ံများက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပို့)** (၅၇၀)

စာအုပ်ပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ပညာရေးဆိုင်ရာ သင်္ချိုးညွှန်းတမ်း စာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များနှင့် eBook များကို အထူးစာအုပ်ရေးရောင်းပွဲတော်အဖြစ် အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ Myanmar Book Centre မှ ကျင်းပလျက်ရှိသည်။

စာအုပ်ပွဲတော်ကာလအတွင်း စာအုပ် သစ်ပေါင်း ၁၀၀၀၀ ကျော်၊ eBook ပေါင်း ၁၅၀၀၀ ကျော် ပြသသွားမည်ဖြစ်သည်။ ဝိဇ္ဇာ၊ သိပ္ပံစာအုပ်များ၊ ပန်းချီဆရာများအတွက် Artist Drawing စာအုပ်များအပြင် Architect များ၊ Interior Designer များ အသုံးဝင်မည့် စာအုပ်များကို အထူးစျေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ eBook များကို တစ်အုပ်လျှင် ဒွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချမည်ဖြစ်ပြီး ဘာသာရပ်ပေါင်း ၅၀ ကျော်ကို ရောင်းချမည်ဖြစ်ကာ ထိုအပြင် eBook ငါးအုပ် ဝယ်ယူတိုင်း တစ်အုပ် ထပ်မံလက်ဆောင်ပေးသွားမည် ဖြစ်သည်။

အထူးစာအုပ်စျေးရောင်းပွဲတော်ကို ရန်ကုန်နှင့်မန္တလေးမြို့များရှိ Myanmar Book Centre ဆိုင်ခွဲများအားလုံးတွင် ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဟာလေးကုန်စည်စျေးနှုန်း

၂၂-၁၀-၂၀၁၁

ရွှေစျေး

အခေါက်ရွှေ(အဆင့်-၁)	၇၀၅၅၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၀၄၅၀၀
ရွှေဂ်ါး(ရွှေရည်ပြီ)	၆၃၄၀၀

ဆန်စျေး (သန့်စင်ပြီး)

ပေါ်ဆန်းမွေး	၃၅၀၀
ပေါ်ကွဲ (ဟောင်း)	၂၂၀၀
ပေါ်ကွဲ (သစ်)	၁၉၅၀
ဒီယာ (ဟောင်း)	၂၁၅၀
ဒီယာ (သစ်)	၁၅၅၀

ဆီစျေး

ပဲဆီ	၂၉၀၀/၃၆၀၀
နှမ်းဆီ	၂၄၀၀/ ၂၅၀၀

(၀၀၂)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဋ္ဌမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အဋ္ဌမနေ့အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဧရာဝတီမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်း၌ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ဆက်လက်ကျင်းပသည်။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဒုန်းမြင့် ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မအေးစုမွန် ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အဆိုပါပြိုင်ပွဲအသီးသီးသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဒုန်းမြင့်၊ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွှန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီး တို့၊ ကော်မတီဝင်များ၊ ဗဟိုအကဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဖြတ်ပညာရှင်များ၊ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းဒေသတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မယ်ဒလင်အတီး အကဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမောင်မိုနှင့် မယ်ဒလင်ပညာရှင်များက အကဖြတ် အမှတ်ပေးကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ဓောင်းဦးဘသန်း၏ "စိန္တာမဏီ" (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်ထက်ပိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင်နှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။



အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ်(အမျိုးသမီး)ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းနန္ဒာလွင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာကိုချစ်မြတ်နိုးကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တော ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် "ရွှေပြည်တော်သည်" (ပတ်ယျိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးအေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင်ရွှေ ရှမ်းပြည်နယ်မှ ဦးသန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမြသန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဌေးဝင်း၊ ရခိုင်ပြည်နယ်မှ ဦးတင်အုန်း(ခ)သုခနမင်းသား၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်နှင့် ချင်းပြည်နယ်မှ ဦးရဲဝင်းထွန်းတို့ ယှဉ်ပြိုင်တီးခတ်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် "ရွှေပြည်တော်သည်" (ပတ်ယျိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မကြည်ကြည်မာ၊ ရန်ကုန်တိုင်းဒေသကြီးမှ မသော်သော်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ မဝေဝါထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မပိုးအိကြည်သူဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ခေါ်ကြူ ကြူနိုင်တို့ ယှဉ်ပြိုင်တီးခတ်ကြသည်။

တယောအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ တယောအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ တယောအတီးအကဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးတင်ရွှေနှင့် တယောပညာရှင်များက အကဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် "ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောနိုကီရာဆော့၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောဂေဘာရယ်(ခ) ကျော်မြတ်သင်းတို့က နည်းစနစ်ပိုင်နိုင်စွာ ယှဉ်ပြိုင်တီးခတ်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် "လူမနှော" (ပတ်ယျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မအေးချမ်းမြင့်မိုရ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မချမ်းမြေခင်လတင်းနှင့် မရည်လဲ့ဦးတို့က ပါဝင်ယှဉ်ပြိုင်တီးခတ်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား) တယောအတီးပြိုင်ပွဲတွင် "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဘခက်၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးယုမောင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးခေါ်မျိုး အောင်တို့က ယှဉ်ပြိုင်တီးခတ်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် "ဘုန်းဆင့်ဆင့်တိုး" (ပတ်ယျိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ မအေးစုမွန်က တီးခတ်ပြိုင်ပွဲဝင်သည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် "ရွှေပြည်တော်သည်" (ပတ်ယျိုး) သီချင်းဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဝေယဉ်ရွှမ်းအားမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဝေယဉ်ရွှမ်းအားမ(ခ)၌ ကျင်းပရာ ဒုံမင်းအတီးအကဖြတ်အဖွဲ့ခေါင်းဆောင် ဒလ- ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက အကဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "ပြဘာမင်လာ"(ဘွဲ့) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးမောင်ဟန်၊ မကွေးတိုင်းဒေသကြီးမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျင်ထွန်းနှင့် ဦးတင့်ဒိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးမြင့်ဝိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်ဝင်းတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သော်တာမူးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်မြင့်မြတ်တို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "အောင်မဂ်လာ" (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းနှင့် မောင်ဝညားဦးတို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင် တီးခတ်ကြပြီး အဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဆိုင်းအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းနန်းမ(၁)၌ ကျင်းပရာ ဆိုင်းအကဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက အကဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ် (အမျိုးသမီး)ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပမိုးအိစ်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မမျိုင်းကစ်ကစ်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းနန္ဒာလွင်အဖွဲ့တို့ တီးခတ် ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား) ဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဝိုလ်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ပတ္တမြားလှိုင်မင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးနိုင်စိုးလွင် (၁) နိုင်မင်းစိုးအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ ဦးအောင်ဝိုလ်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးစိန်မျိုးသန့်အဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဆိုင်းဝိုလ်အဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဌေးခန်းမ၌ ကျင်းပရာ ဒုံမင်းအတီးအကဖြတ်အဖွဲ့ခေါင်းဆောင် ဒလ- ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက အကဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် "ပြဘာမင်လာ"(ဘွဲ့) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးမောင်ဟန်၊ မကွေးတိုင်းဒေသကြီးမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျင်ထွန်းနှင့် ဦးတင့်ဒိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးမြင့်ဝိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်ဝင်းတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သော်တာမူးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်မြင့်မြတ်တို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် "အောင်မဂ်လာ" (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းနှင့် မောင်ဝညားဦးတို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင် တီးခတ်ကြပြီး အဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံပညာဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဖြင့်ကြြိုင်"လူငယ်စွမ်းအား"ပြဇာတ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

"လူငယ်စွမ်းအား" ပြဇာတ်ပြိုင်ပွဲ ကရင်ပြည်နယ်ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "လူငယ်စွမ်းအား" ပြဇာတ်ပြိုင်ပွဲကို နေ့ည ၇ နာရီတွင် နေပြည်တော် ဧရာဝတီမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက် ကျင်းပရာ ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

ပြိုင်ပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ကြြိုင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အမှတ်ပေးပညာရှင်များ၊ မြန်မာ့ဇာတ်သဘင်ကို မြတ်နိုးလေးစားတန်ဖိုးထားကြသော ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် အုပ်ချုပ်သူ ဦးသောင်းထွန်း၊ ဝတ္ထုနှင့် ဒါရိုက်တာ ဇင်မိုးနှောင်း (ဦးထွန်းမြင့်)၊ ဇာတ်ညွှန်းနှင့် စကားလုံး သန်းအောင် (ဓမ္မဒိတာ)၊ ခေါင်းဆောင်မင်းသားအောင်အောင်(ချစ်မိုး)၊ ခေါင်းဆောင်မင်းသမီး မယမင်းထွန်းနှင့် ဇာတ်ပို့ဇာတ်ရဲ သချပ်ဆောင်များက ဂိတမှုန့ စန္ဒရားဇော်လင်းအဖွဲ့နှင့် တွဲဖက်၍ စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် လျှောက်လှမ်းနေသည့် မျက်မှောက်အခါသမယတွင် လူငယ်များ၏ သွက်လက်မှု ဖျတ်လတ်မှု၊ စူးစမ်းမှုတည်းဟူသော လူငယ်အားမာန်နှင့် လူငယ်စွမ်းအားများကို ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာ၌ ပူးပေါင်းဆောင်ရွက်နိုင်ကြရန် ဖော်ကျူးသည့် မြတ္တင်းမြတ္တက်များဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။ (သတင်းစဉ်)

ဗြန်ဟုအခြေခံ ဇာတိဟန် မှုဟာန်ရေးရှု ယဉ်ကျေးမှု

ကိုနီယားမင်းသမီး
ဟာဗိုနန်

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

ရက်စွဲ၊ ၂၃-၁၀-၂၀၁၁ (တနင်္ဂနေ့)

စဉ်	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၉	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး (ဒုံမင်း)	အခြေခံပညာအသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	နံနက်ပိုင်း ၀၉း၀၀
		အတီး (ဒုံမင်း)	ဝါသနာရှင် (ပထမတန်း) (အမျိုးသမီး)	နံနက်ပိုင်း ၀၉း၀၀
		အတီး (ဒုံမင်း)	အဆင့်မြင့်ပညာ (အမျိုးသား) (အမျိုးသမီး)	မွန်းလွဲပိုင်း ၁၃း၀၀
		အတီး (ဒုံမင်း)	ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး)	မွန်းလွဲပိုင်း ၁၃း၀၀
	စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)(၁)	အတီး (ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ (အမျိုးသမီး)	နံနက်ပိုင်း ၀၉း၀၀
		အတီး (ဆိုင်းအဖွဲ့လိုက်)	ဝါသနာရှင် (ဒုတိယတန်း) (အမျိုးသမီး)	မွန်းလွဲပိုင်း ၁၃း၀၀
	စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)	အတီး (တယော)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	နံနက်ပိုင်း ၀၉း၀၀
		အတီး (တယော)	အဆင့်မြင့်ပညာ (အမျိုးသား) (အမျိုးသမီး)	မွန်းလွဲပိုင်း ၁၃း၀၀
	စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ပြဇာတ်	လူငယ်စွမ်းအားပြဇာတ် (မန္တလေးတိုင်းဒေသကြီး)	ညပိုင်း ၁၉း၀၀

အခြေခံပညာ အဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်(အမျိုးသမီး)တယောအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးမှ မရည်လဲ့ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးတော်မတီဥက္ကဋ္ဌ မြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်တို့ နေမိဇာတ်တော် ရှပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရှပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေမိဇာတ်တော်ရှပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရှပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နေမိဇာတ်တော် ရှပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ဧရာဝတီမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေအတွင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် တွဲနှင်းသဘင်ခန်းမ၌ နောက်ဆုံးပွဲစဉ် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ရှပ်စုံသဘင်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ရှပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်၊ ပြည်ထောင်စုတရား လွှတ်တော်ဥက္ကဋ္ဌ တရားသူကြီး ဦးမြင့်ဟန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဗြိုင်ပွဲကျင်းပရေး ဦးစီးတော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာဝင်နှင့် ဦးစီးတော်မတီဝင်များ၊ ဗဟိုအဂဲါဖြတ်ပညာရှင်များ၊ ဧည့်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရှပ်စုံသဘင်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒေါ်စန္ဒာဝင်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ တောင်စွန်း အောင်တိုးနှင့် ဆိုဝိုဌေပြာပညာရှင်များ၊ ကြိုးဆွဲပညာရှင်များက ဦးမောင်မောင်ဆင့် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ဘုရားအလောင်းတော် နေမိမင်းကြီး၏ ဒါနနှင့်သီလပါရမီကို ကိုယ်တိုင်လည်း ဖြည့်ကျင့်ရုံမက အများကိုလည်း ဖြည့်ကျင့်ရန် တိုက်တွန်းသဖြင့် လူသားစင်စစ်ဘဝမှာပင် နတ်ပြည်နှင့် ငရဲပြည်တို့ကို လေ့လာခွင့်ရရှိခဲ့မှု၊ ထို့ပြင် တစ်ဝ ကုသိုလ်တရား၏ ကောင်းကျိုး၊ အကုသိုလ်တရား၏ ဆိုးကျိုးများကို သတ္တဝါများ သတိပြုဆင်ခြင်၍ အကုသိုလ်ရှောင်၊ ကုသိုလ် ဆောင်၊ စိတ်ကိုဖြူအောင်ထားနိုင်ကြ စေရန် မြန်မာ့ရိုးရာ အနုသုခုမရုပ်ရုပ် အမြင့်သဘင်ပညာရပ်ဖြင့် ရေးမူမယျက် ဖြိုင်ဖြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တင်ဆက် သွားသည်။ (သတင်းစဉ်)

ဗြိုင်ကြိုင်"လူငယ်ခွစ်အား"မြဇာတ်ဖြိုင်ပွဲတွင် ရှုမှားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်း အမှတ်စဉ်(၈၈)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နေ့နက် ၁၀ နာရီတွင် နေပြည် တော်၌ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဒုတိယစာရင်းစစ်ချုပ်က ပြောကြား ရာ၌ သင်တန်းတွင် သင်ကြားပေး လိုက်သော ဘာသာရပ်အသီးသီးသည် စာရင်းပညာရှင်များ သိသင့်သိထိုက် သော အခြေခံနေ့အရေးရပ်ကို ခြုံငုံ မိအောင် လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ ယခုသင်ကြားပေးလိုက် သော ပညာရပ်များကို လက်တွေ့ နယ်ယဉ်တွင် ထိရောက်အကျိုးရှိစွာ အသုံးချပြီး လုပ်ငန်းအရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်အောင်ကြိုးပမ်း နေကြရန် လိုအပ်ကြောင်းဖြင့် ပြော ကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်း သား၊ သင်တန်းသူ ၁၇၆ ဦး တက်ရောက်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဒုတိယ/တတိယအဆင့် သင်တန်း အမှတ်စဉ်(၈၈) ဆင်းပွဲအခမ်း အနားတွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

ပြန်ဟုတ်အခြေခံ ဇာတိမာန် မှုဟန်ရှေးရှု ယဉ်ကျေးမှု

ကိုရီးယားမင်းသမီး ဟာရျိုဝန်နှင့် မင်းသားကင်ဟွန်ရှန်း ကိုရီးယားပေါ့ပ်ဂီတဖျော်ဖြေပွဲတွင် ပါဝင်မည်

ကိုရီးယားမင်းသမီး ဟာရျိုဝန်

ကိုရီးယားမင်းသမီး ဟာရျိုဝန်နှင့် သရဖူဆောင်အဆိုတော် ကင်ဟွန်ရှန်း တို့သည် လာမည့်သီတင်းပတ်တွင် ကျင်းပမည့် ကိုရီးယားပေါ့ပ်ဂီတ ဖျော်ဖြေပွဲ (K-pop)တွင် ပါဝင် ဖျော်ဖြေမည်ဖြစ်ကြောင်း ကိုရီးယား ရုပ်သံလိုင်း အက်စ်ဘီအက်စ်က ထုတ်လွှင့်ကြေညာသည်။

အက်စ်ဘီအက်စ်ရုပ်သံလိုင်း၏ သောကြာနေ့က ဖြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲထုတ်ပြန်ကြေညာ ချက်တွင် ဘူဆန်တွင်ရှိသည့် ဂေါင် အလီကမ်းခြေ၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပမည့် ကိုရီးယားပေါ့ပ် ဂီတဖျော်ဖြေပွဲ ၂၀၁၁ တွင် ကိုရီးယား ကြယ်ပွင့် ဟာရျိုဝန်နှင့် ကိုရီးယားစတား ကင်ဟွန်ရှန်းတို့ ပါဝင်ဖျော်ဖြေမည် ဖြစ်ပြီး ယင်းဂီတဖျော်ဖြေပွဲမှ ဖျော်ဖြေ တင်ဆက်မှုများကို နိုဝင်ဘာ ၆ ရက်တွင် ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဟု ဆိုသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် အခြား နာမည်ကျော် ကိုရီးယားပေါ့ပ် အဆိုတော်များနှင့် နာမည်ကျော်ပေါ့ပ် ဂီတအဖွဲ့များဖြစ်သည့် KARA,PSY, T-ara, SISTAR နှင့် U-Kiss အဖွဲ့ များလည်း ပါဝင်ဖျော်ဖြေတင်ဆက် ကြမည်ဖြစ်သည်။

ကိုရီးယားမင်းသမီးဟာရျိုဝန်သည် ၁၉၉၉ ခုနှစ်ကတည်းက သရုပ်ဆောင် လောကသို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် Something Happened in Bali ဇာတ်လမ်းတွဲ၊ ၂၀၀၆ ခုနှစ်တွင် Hwang Jin-i ဇာတ်လမ်းတွဲ များအပါအဝင် ရုပ်သံဇာတ်လမ်းတွဲ များနှင့် ရုပ်ရှင်ဇာတ်ကားအတော် များများတွင် ပါဝင်သရုပ်ဆောင်ခဲ့ သည်။

ထို့ပြင် ဟာရျိုဝန်သည် ကိုရီးယား စိတ်ကူးယဉ်သိပ္ပံအက်ရှင်ဇာတ်ကား Sector 7 ရုပ်ရှင်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းဇာတ် ကားသည် ယခုနှစ်တွင် ကျင်းပခဲ့သည့် ပြင်သစ် ကန်းရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ရာ နိုင်ငံပေါင်း ၄၆ နိုင်ငံသို့ ရောင်းချခဲ့ရသည်အထိ အောင်မြင်မှု ရရှိခဲ့သည်။

အင်တာနက်။

အေဝမ်းဝိုး

ဗြိုင်းမှု

စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ နယသာဂရ ပဌာန်းတရားတော် စာအုပ်ထုတ်ဝေပြန့်ချိ

စာရေးသူ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ နယသာဂရ ပဌာန်းတရားတော်စာအုပ်ကို ပဋ္ဌမ အကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက် ကြောင်း သိရသည်။

စာရေးသူက မြတ်ပဌာန်းဒေသနာ တော်ကို ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နားလည်ပြီး လောကီ လောကုတ္တရာ အကျိုးရှိရှိအသုံးချ နိုင်စေရန် ဤစာအုပ်ကို ရေးသား ပြုစုထားကြောင်း၊ သာဂရဆိုသည်မှာ မဟာသမုဒ္ဒရာသဖွယ်ကြီးကျယ်နက်နဲ လှသောဟု အမြတ်ယဉ်ရကြောင်း၊ လောကတွင် သာဂရလေးပါးရှိပြီး မိမိတို့ကမ္ဘာလောကကို ဝိုင်းရံနေသည့် မဟာသမုဒ္ဒရာရေပြင်ကျယ်ကြီးကို ဇလသာဂရဟုခေါ်ကြောင်း၊ သတ္တဝါများ နေမနေနားကျင်လည်ကျက်စားရာ အဆုံးမထင်ရှည်လျားလှသည့် သံသရာ ကြီးသည် သံသရာသာဂရဖြစ်ပြီး အနိုင်းမဲ့မြတ်စွာဘုရား၏ သတ္တဝါတ ဥာဏ်တော်ကြီးမှာ ဥာဏသာဂရမြစ်ကြောင်း၊ မိမိတို့ လေးလေးစားစား ရွတ်ဖတ် ပူဇော်နေကြသည့် ပဌာန်းဒေသနာမှာ နည်းပေါင်းများစွာတို့နှင့် အလှန်နက်နဲ ကျယ်ပန်းလှသဖြင့် နယသာဂရဟုခေါ်တွင်ကြောင်း၊ ဤစာအုပ်ကို ၂၄ ပစ္စည်း၏ သဘောသဘာဝနှင့် အယူအဆကို လေ့လာလိုသူများ၊ ပဌာန်းကို အနက် အဓိပ္ပာယ်နှင့် ရွတ်ဖတ်ပူဇော်လိုသူများနှင့် ပြည်တွင်းပြည်ပ၌ ပဌာန်း ဒေသနာတော် အစဉ်ထွန်းလင်းပြန့်ပွားစေရေးအတွက် ကြိုးစားတင်ပြထား ကြောင်းဖြင့် စာရေးသူက နိဒါန်းတွင် ရေးသားထားသည်။

ဤစာအုပ်ကို စိတ်ကူးချိချိစာပေက တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

အစ္စရေးကို ကယ်တင်ခြင်း စာအုပ်ထွက်ရှိ

ပါလက်စတိုင်နိုင်ငံ သီးသန့်တည်ထောင်ရန် ပါလက်စတိုင်းလွတ်မြောက် ရေးအဖွဲ့က ကုလသမဂ္ဂတွင် အဆိုတင်သွင်းနေချိန်မှ ယနေ့ထက်တိုင် စစ်ပွဲများ၊ ပဋိပက္ခများနှင့် လုံးထွေးနပန်းလုံးနေရသော အစ္စရေးနိုင်ငံ၏ ရေရှည်တည် တံ့မှုကို စာရေးဆရာတိန်းလတ်က "အစ္စရေးကို ကယ်တင်ခြင်း" စာအုပ် တွင် အပြည့်အစုံရေးသားထားသည်။ ကိုယ်တိုင်ရောက်ရှိခဲ့သော အစ္စရေး နိုင်ငံအခြေအနေကို အထောက် အထားအကိုးအကားစာအုပ်များစွာ ဖြင့် သုံးသပ်တင်ပြထားသော နိုင်ငံ ရေး စာအုပ်ဖြစ်သည်။ ဩကာသ စာပေ အမှတ်-၄၇ (၁၀၈) လမ်း မက်လာတောင်ညွှန်ပြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၅ဝ၃၂၄၄၊ ၀၉-၅ဝ၅ဝ၇ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

ရန်အောင်၏ အပေနဲ့ အမေ စာအုပ်ပြန့်ချိ

အဖေနှင့် အမေ၏ မေတ္တာ၊ အဖေနှင့်အမေ၏ ဝေတနာ၊ အဖေနှင့်အမေ၏ ကျေးဇူးတို့ကို သတိတရဖြစ်စေမည့် ရန်အောင်၏ အဖေနဲ့အမေစာအုပ်ကို ရန်အောင်စာပေမှ တတိယအကြိမ်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ အဖေဝတ္ထုကို ဆရာရန်အောင်၏ ဖခင်နှင့် သူ၏ဘဝဖြစ်စဉ်မှ အချို့သော ဖြစ်ရပ်များကို အခြေခံ၍ အမေ ဝတ္ထုကိုမူ သူ၏ မိခင်ကြီးနှင့် သူ၏ အတ္ထုပ္ပတ္တိကို မိခင်ကြီးကွယ်လွန်သည် အထိ အဖြစ်မှန်အတိုင်း ရေးသားထား သည်။ လူငယ်လူရွယ်များအား လိမ္မာ ရေးခြားရှိသော သားကောင်း သမီးမွန် များ ဖြစ်စေလိုသည့် စေတနာဖြင့် ရေးဖွဲ့ထားသည်။

ယင်းစာအုပ်ကို ရန်အောင်စာပေ အမှတ်(H)အလက(၁)ရန်ကင်းကျောင်း ရှေ့ ဖုန်း-၀၉၅၁၃၉၃၄၈ နှင့် ၇၂၂ ၅၇၂ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကွတ်ခိုင်မြို့နယ် တက္ကနိုင်းကျေးရွာမှ သိမ်းဆည်းရမိသည့် လက်နက်ကြီး၊ လက်နက်ငယ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ပခုက္ကူ။ ပေါက်နှင့် မြိုင်မြို့နယ်တို့၌ ချောင်းရေဖြင့် မျောပါပြီးသေဆုံး၊ ပျောက်ဆုံးသူအချို့ရှိနေ

ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ပေါက်နှင့် မြိုင်မြို့နယ်တို့၌ ချောင်းရေဖြင့်မျောပါပြီး သေဆုံး၊ ပျောက်ဆုံးသူအချို့ရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများအား တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပခုက္ကူမြို့၌ ရွှေချောင်း ချောင်းရေလျှံတက်မှုကြောင့် ချောင်းကမ်းပါးအနီးရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းအပါအဝင် နေအိမ် ၁၂၀ ခန့် ပျက်စီးဆုံးရှုံးပြီး အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၃၇ ဦး ပေါင်း ၅၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ပေါက်မြို့နယ် ယောချောင်း/ကျောချောင်းမှ ချောင်းရေထိုးသဖြင့် ကျေးရွာ ၂၂ ရွာရှိ အိမ်ခြေ ၄၀၃ အိမ်၊ ဆေးခန်းတစ်ခန်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်း ရေထဲမျောပါသွားခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး ပေါင်း ၁၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ မြိုင်မြို့နယ် ပိုက်သင်ကျေးရွာ ထန်းလယ်တော ချောင်းကမ်းနဖူး၌ နေထိုင်သည့် မိသားစုမှ နှစ်နှစ်ခွဲခန့်ရှိ သမီးငယ် တစ်ဦး ရေထဲမျောပါပျောက်ဆုံးခဲ့ကြောင်း၊ ထန်းတောမကျေးရွာ၌ ချောင်းရေလျှံမှုကြောင့် ကျေးရွာအတွင်း ၄ ပေခန့် ရေမှားဝင်ခဲ့သဖြင့် နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး တစ်နှစ်သားအရွယ် ကလေးငယ် တစ်ဦး ရေစီးထဲမျောပါပျောက်ဆုံးခဲ့ကြောင်း၊ ထန်းလယ်တောကျေးရွာ၌ လူတစ်ဦး ရေထဲမျောပါပျောက်ဆုံးလျက်ရှိကြောင်း၊ နှီးကျေးရွာ၌ အိမ်ခြေ ၁၁ လုံး ရေထဲမျောပါပြီး အမျိုးသမီးနှစ်ဦး၊ ယောက်ျားလေးတစ်ဦး ပေါင်း သုံးဦး ရေထဲမျောပါ သေဆုံးသွားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ကွတ်ခိုင်မြို့နယ် တက္ကနိုင်းကျေးရွာမှ သိမ်းဆည်းရမိသည့် စိတ်ကြွေးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပေဒပစ္စည်းများ၊ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် လမ်း၊ တံတားနှင့် အဆောက်အအုံအချို့ ပျက်စီးမှုများဖြစ်ပွား၊ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးပြီး တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် လမ်း၊ တံတားနှင့် အဆောက်အအုံအချို့ ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ တောင်ယမားချောင်း တံတား (ဝက်ခုပ်တံတား) ရေတိုက်စားမျောပါခြင်း၊ ယမားတံတားတောင်ဘက်အခြမ်း တံတားအခြေကမ်းပါး ရေကာတာပြုလုပ်ထားသော (TOE WALL) ရေတိုက်စား ပျက်စီးပြိုကျခြင်း၊ သမားရိုးတံတား ပြိုကျ ပျက်စီးခြင်း၊ ဒုံးတောကျေးရွာရှိ အိမ်ခြေ ၃၁၅ အိမ်၊ ဂုံတောကျေးရွာရှိ အိမ်ခြေ ၁၈၀၊ ရွာသာကျေးရွာရှိ အိမ်ခြေ ၁၄၀ တို့အား ရေဘေးလွတ်ကင်းရာ ကုန်းမြင့်ပေါ်ရှိ ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရခြင်း၊ ပုလဲမြို့နယ် ချောင်းမနားရွာရှိ နေအိမ်သုံးလုံး၊ ဝါးတောကြီးရွာရှိ နေအိမ်ရိုးပျက်စီးပြီး လူ ၂၅ ဦးခန့် အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်း၊ ပုလဲမြို့ ပြည်သူ့ဆေးရုံ ခြံစည်းရိုးအုတ်နံရံ ခြောက်ခန်း ရေတိုက်စားမှုကြောင့် ပျက်စီးခြင်း၊ ပိတောက်ကုန်းရွာအနီးရှိ သစ်သားတံတားတစ်စင်း ပျက်စီးခြင်း၊ အရာတော်မြို့နယ် စရစ်ကျေးရွာအနီး မုံရွာ-ရွှေဘို ကားလမ်း၌ ရေကျော်ပြီး ကားလမ်းပေါ်မြေနှိပ်တစ်ခု ပျက်စီးသွားသဖြင့် ကားများ ဖြတ်သန်းသွားလာမှု ခေတ္တ ရပ်ဆိုင်းထားရခြင်း၊ မုံရွာမြို့နယ် သာစည်ရွာနှင့် ကိုးပင်ရွာအကြားရှိ အလယ်သိမ်ချောင်း (သဲချောင်း)တွင် ရေများစီးဝင်နေပြီး ယာဉ်များဖြတ်သန်းနိုင်မှု မခဲ့ခြင်း၊ ယင်းမာပင်မြို့နယ် ကောင်းဆင့်ကျေးရွာရှိ တံတားနှစ်စင်းတွင် ရေနှစ်ပေခန့်ကျော်နေသဖြင့် ယာဉ်များသွားလာနိုင်မှုမရှိခြင်း၊ ယင်းမာပင်မြို့ မြို့ပေါ် ရပ်ကွက်(၁)နှင့် (၁)တိုင်းရဲ့ရပ်ကွက်တို့တွင် ရေများဆင်ရောက်သဖြင့် အိမ်ထောင်စု ၁၁၀ အား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ပုလဲမြို့နယ် မြေနီကုန်းကျေးရွာ မှန်ကင်းကျောင်းတိုက်အတွင်း မိုးရေများအရှိန်မြင့်စွာ စီးဝင်သဖြင့် ဘုန်းကြီးကျောင်းအုတ်တံတိုင်း အခန်း ၄၀ ပြိုကျပျက်စီးခြင်း၊ ၄ဂျီပျောတောရွာ ဒကွိုဏရာမ ဘုန်းကြီးကျောင်း အုတ်တံတိုင်း ၂၅ ခန်း ပြိုကျပျက်စီးခြင်း၊ မုံရွာ-ယာကြီး-ကလေးဝကားလမ်း ကနီမြို့နယ် အတွင်းရှိ ဆင်ကတံတား ချောင်းရေတွင် မျောပါသွားသဖြင့် ယာဉ်များဖြတ်သန်းသွားလာ၍မရခြင်း၊ ခင်ဦးမြို့နယ်၊ ကလေး မြို့နယ်၊ ရွှေဘိုမြို့နယ်၊ မြင်းမူမြို့နယ်၊ ကန့်ဘလူမြို့နယ်တို့၌လည်း ကားလမ်းအချို့ ရေကျော်ခြင်း၊ လူနေအိမ်များ အတွင်း ရေဝင်ခြင်း၊ ဘုန်းကြီးကျောင်း ခြံစည်းရိုးအုတ်တံတိုင်း ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရွှေချောင်း ချောင်းတွင် ချောင်းရေကျသဖြင့် ချောင်းကမ်းပါးအနီးရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းအပါအဝင် နေအိမ် ၁၂၀ ခန့် ပျက်စီးဆုံးရှုံးခြင်း၊ ပေါက်မြို့ရှိ ကျားပိုက်ချောင်းကူးတံတားနှင့် ဆင်ဆာတံတားသစ်သားကြမ်းခင်းများ ရေထဲမျောပါသွားခြင်း၊ စလင်းမြို့နယ်၊ ဂန့်ဂေါ်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မြိုင်မြို့နယ်တို့၌ လူနေအိမ်များအတွင်း ရေဝင်ခြင်း၊ ရထားလမ်း/ကားလမ်း အချို့နေရာတို့တွင် ရေကျော်ခြင်း၊ ဂန့်ဂေါ်-ကလေး ကားလမ်းပေါ်ရှိ တံတားနှစ်စင်းပေါ်သို့ ရေများ ၆ ပေခန့်ကျော်နေသဖြင့် ယာဉ်သွားလာနိုင်မှုမရှိခြင်း၊ ထီးလင်းမြို့နယ်ရှိ ဟင်းခွက်ကုန်း လူကူးကြိုးတံတား သဲသောချောင်းတံတားနှင့် တံတားအချို့ ရေထဲမျောပါပျက်စီးခြင်း၊ ဆောမြို့နယ် ကျောက်ထု-ဆောလမ်းရှိ ကမ်းချောင်းတံတား ရေမျောပျက်စီးခြင်း၊ ကတင်းချောင်းတံတား ရေမျောပါခြင်း၊ တပြင်းကျေးရွာရှိ နေအိမ်တစ်လုံး ရေထဲမျောပါခြင်း၊ မြိုင်မြို့နယ် နှီးကျေးရွာ၌ နေအိမ် ၁၁ လုံး ရေမျောပါသွားခြင်း၊ လှည်း ခုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း ပေ ၂၀၀ ခန့် ပြိုကျခြင်း၊ ကွမ်းတောကျေးရွာ၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးခြင်း၊ ထန်းတောမကျေးရွာ၌ နေအိမ် သုံးလုံး ပြိုကျပျက်စီးခြင်း၊ ပခုက္ကူ-မြိုင်လမ်းရှိ တံတားအချို့ ရေတိုက်စား မျောပါခြင်း၊ မြိုင်-လင်းကတောလမ်းရှိ တံတားတစ်စင်း ရေတိုက်စားမျောပါခြင်း၊ မြိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဝက်စုရပ် ရထားလမ်းနေရာအချို့၌ သဲလမ်းပြေသား ပေါင်းမှား ရေတိုက်စားပါသွားခြင်း၊ ဝက်စုရပ်ကွက်အတွင်း ရေဝင်ရောက်သဖြင့် အိမ်ခြေ ၅၀ ခန့် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ နေရာချထားပေးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရေဝင်ရောက်သည့် ရပ်ကွက် ကျေးရွာများ အတွင်း သဘာဝဘေးအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များက ဦးဆောင်၍ မြို့နယ် ကုန်းမာရေးအဖွဲ့များက ကုန်းမာရေ စောင့်ရှောက်မှုလုပ်ငန်းများ သောက်သုံးရေ ဖြန့်ဝေခြင်းလုပ်ငန်းများ၊ ဝမ်းလျှောဝမ်းပျက်မဖြစ်ပေါ် ဝေရေးအတွက် ရေတွင်း ရေကန်များအား ဆေးဝက်ခြင်းလုပ်ငန်းများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်း ဝေငှခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကားလမ်းတံတားအချို့ ရေမျောပါ ပျက်စီးမှုအား မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက အမြန်ပြန်လည်ပြင်ဆင်၍ ဆက်သွယ်သွားလာမှု မပြတ်တောက် စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လမ်းပိုင်းများတွင် ရေများပြန်ကျသွားပြီဖြစ်ရာ ယာဉ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၉ တု ရာ သီ တော ကို မီ ၏

တောင်တွင်းကြီးမြို့နယ် ပဲခူးမြိုးမတောင်ပေါ်ဒေသရှိ တောင်အချို့ ကပြည်းပြည်းနိမ့်ပိမ်ဆင်း

တောင်တွင်းကြီး အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပဲခူးမြိုးမတောင်ပေါ်ဒေသရှိ တိုက်ပွဲကျေးရွာ၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ ကျောက်မီးချောင်းသစ်တောကြီးဝိုင်းအတွင်းရှိ ကရင်မြောင်ကေနရာဒေသ ဘန်းကုန်းဆည်အနီး အမြင့်ပေ ၁၀၀ ကျော်ခန့်ရှိသည့်တောင်မှာ တောင်၏ တစ်ဝက်သည် အောက်တိုဘာ ၆ ရက်နံနက် ၉ နာရီမှ အောက်တိုဘာ ၇ ရက်နံနက် ၉ နာရီအထိ တောင်ထိပ်မှ အမြင့် ၂၅ ပေခန့် အကျယ် တစ်ကောက္ကာခန့် အထိ တဖြည်းဖြည်းနိမ့်ကျခဲ့ကြောင်း သိရသည်။ ၎င်းတောင်၏ အနီးပတ်ဝန်းကျင် တောင်အချို့လည်း တဖြည်းဖြည်း နိမ့်ဆင်းသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောပြချက်အရသိရသည်။

တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ဆည်ဧရိယာ ကျေးမြောင်းအရှေ့ သပြေပင် ကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့် အကွာရှိ တောင်တချို့လည်း နိမ့်ဆင်းသွားကြောင်းသိရသည်။ အဆိုပါတောင်များ ယခုကဲ့သို့ နိမ့်ဆင်းသွားခြင်းမှာ မိုးများ အဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း မြို့နယ် မိုးလေဝသတာရန်ခန်း၏ ပြောပြချက်အရ သိရသည်။ (၅၈၀)

အရည်အချင်းအစစ်အမှန်နှင့် ထူးချွန်သည့်ပြိုင်ပွဲဝင်များကို ထိုက်ထိုက်တန်တန် ရွေးချယ်ပေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ရိုးရာယဉ်ကျေးမှုမပျောက်စေဘဲ IT နည်းပညာများနှင့် မည်သို့ပေါင်းစပ်ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းစဉ်းစားအကြံပြု

နေပြည်တော် အောက်တိုဘာ ၂၂

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များနှင့် အုပ်ချုပ်သူများ၊ ပြိုင်ပွဲတာဝန်ကျဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့တွေ့ဆုံပွဲကို (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် လိုအပ်ချက်များ၊ အားနည်းချက်များရှိပါက သိရှိပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဤပြိုင်ပွဲကြီး၏ အနှစ်သာရ ပိုမိုမြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားရန်ဟူသည့် ရည်ရွယ်ချက်(၂)ရပ်ဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များနှင့် အုပ်ချုပ်သူများ၊ ပြိုင်ပွဲတာဝန်ကျဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ် ရှိ ကျားထူးချောင်းတံတား ဖွင့်လှစ်

ဒေသထွက်ကုန်များ အပြန်အလှန် ကူးလူးသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေးတို့ ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် အောက်တိုဘာ ၂၂

ကျားထူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း မိုင်တိုင်အမှတ် (၄၇/၀) တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်းတံတား အရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်မြှုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ခုနှစ်စင်းမြောက်ဖွင့်လှစ်သော ကျားထူးချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍာပ်၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နေရာကွက်ကျား မိုးထစ်ချန်းရှာနိုင်

၂၃-၁၀-၂၀၁၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချန်းရှာနိုင်သည်။ ရှာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကွတ်ခိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများ၊ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ကြီး၊ လက်နက်ငယ်နှင့် လက်ပစ်ဗုံးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၂

မိမိတပ်မတော်စစ်ကြောင်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကွတ်ခိုင်မြို့နယ်၌ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀၀၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများ၊ ဆေးပြားရိုက်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ၆၀ မမ စိန်ပြောင်းနှစ်လက်၊ လက်နက်ငယ်နှစ်လက်၊ လက်ပစ်ဗုံး၀ါးလုံးနှင့် လက်နက်ငယ်ကျည်များ သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေး၀ါးနှင့် လက်နက်များ သိမ်းဆည်းရမိမှုနှင့် ပတ်သက်သည့် တရားခံတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက်တွင် နယ်မြေရှင်းလင်းစဉ် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကွတ်ခိုင်မြို့နယ် တက္ကနိုင်းကျေးရွာအရှေ့မြောက်ဘက် ၁ မိုင် ၂ ဖာလုံခန့်အကွာရှိ မလုဂျာ၏ လက်ဖက်စိုက်ခြံရှိ ပေ ၆၀ ပတ်လည် သွပ်မိုးအုတ်ကာ တစ်ထပ်အဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၀၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

ကွတ်ခိုင်မြို့နယ် တက္ကနိုင်းကျေးရွာမှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများ၊ ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)